# ကျွန်ုပ်တို့အား သူပရောဖက်များကို ပေးခဲ့သည်

သင်ခန်းစာငါး

ပရောဖက်ပြုချက်နှင့်ပတ်သက်၍ သမိုင်းဆိုင်ရာလေ့လာသုံးသပ်ခြင်း

Manuscript

thirdmill

Biblical Education. For the World. For Free.

တတိယ ထောင်စုနှစ် အမှုတော်များ၊ ၂၀၁၂

မူပိုင်ခွင့် အားလုံးကန့်သတ်ထားပြီးဖြစ်သည်။ ဤစာအုပ်၏ မည်သည့် အပိုင်းကဏ္ဍကို မဆို ပညာနှင့် အရည်အသွေး သို့မဟုတ် ပြန်လည် ဆန်းစစ်ခြင်း သို့မဟုတ် ထင်မြင် သုံးသပ်ချက်ပေးခြင်း ရည်ရွယ်ချက်များအတွက် အတိုချုံး ကိုးကားမှု ပြုသည်များမှ လွဲ၍ ထုတ်ဝေသူ တတိယထောင်စုနှစ် အမှုတော်များ အင်ကော်ပိုရိတ်တက် 316 Live Oaks Blvd., Casselberry, Florida 32707 ၏ စာဖြင့် ရေးသား ခွင့်ပြုထားချက် မပါရှိဘဲ မည်သည့် ပုံစံ၊ မည်သည့် နည်းလမ်းဖြင့် ဖြစ်စေ အမြတ်အစွန်း ရရန် အလို့ငှာ ကူးယူ၊ ပွားများခြင်း မပြုရပါ။

တစ်နည်းနည်းနှင့် မပြထားလျှင် ကျမ်းအကိုးအကား အားလုံးသည် Good News Publishers ၏ အမှုတော်တစ်ခုဖြစ်သော Crossway ၏ 2001 ခုနှစ် ထုတ် ESV (English Standard Bible) သမ္မာကျမ်းစာမှ ဖြစ်ပါသည်။ ခွင့်ပြုချက်ဖြင့် အသုံးပြုထားပါသည်။ မူပိုင်ခွင့် အားလုံး ကန့်သတ်ထားပြီး ဖြစ်ပါသည်။

## သာ့ဒ်မစ်လ် အကြောင်း

၁၉၉၇ ခုနှစ်တွင် တည်ထောင်ခဲ့သော သာ့ဒ်မစ်လ် သည်အမြတ်အစွန်းကို အဓိက မထားသော ဧဝံဂေလိ ခရစ်ယာန် အမှုတော် တစ်ခု ဖြစ်ပါသည်။ သာ့ဒ်မစ်လ်က ပေးအပ်ရန် ရည်စူးထားသည်မှာ-

ကမ္ဘာကြီးအတွက် အခမဲ့ သမ္မာကျမ်းစာ ပညာရေး

ကျွန်ုပ်တို့၏ ပန်းတိုင်မှာ ကမ္ဘာတလွှားရှိ အမှုတော်အတွက် လုံလောက်သော လေ့ကျင့်ရည် ချို့တဲ့ ကင်းမဲ့သည့် သင်းအုပ်နှင့် ခရစ်ယာန် ခေါင်းဆောင် ထောင်ပေါင်း များစွာအား အခမဲ့ ခရစ်ယာန် ပညာရေးကို ပေးကမ်းရန် ဖြစ်ပါသည်။ ပြိုင်ဖက်ကင်းသော မီဒီယာစုံသင် စာသင်တိုက် သင်ရိုးကို အင်္ဂလိပ်၊ အာရဘစ်၊ တရုတ်၊ ရုရှ နှင့် စပိန် ဘာသာစကားများဖြင့် ထုတ်လုပ်ပြီး ကမ္ဘာ အနှံ့ ဖြန့်ဝေခြင်း အားဖြင့် ဤပန်းတိုင်ကို ကျွန်ုပ်တို့ ဖြည့်ဆည်းနေပါသည်။ ကျွန်ုပ်တို့၏ သင်ရိုးကို ကျွန်ုပ်တို့၏ မိတ်ဖက် အမှုတော်များအားဖြင့် အခြားသော ဘာသာစကား တစ်ဒါဇင်ကျော်သို့ ပြန်ဆိုလျက် ရှိပါသည်။ သင်ရိုးတွင် ရုပ်ပုံများက ထိန်းကျောင်းသော ဗီဒီယိုများ၊ ပုံနှိပ်ထားသော ညွှန်ကြားချက်များ နှင့် အင်တာနက် အရင်းအမြစ်များ ပါဝင်ပါသည်။ ၎င်းကို ကျောင်းများ၊ အုပ်စုများ၊ တစ်ဦးချင်း ပုဂ္ဂိုလ်များ၊ အွန်လိုင်းတွင်သာမက သင်ယူလေ့လာသော လူ့အဖွဲ့အစည်းများတွင်ပါ အသုံးပြုနိုင်အောင် ပုံစံဆွဲထားပါသည်။

နှစ်ပေါင်းများစွာအတွင်း အကောင်းဆုံး ပါဝင် ပစ္စည်းနှင့် အရည်အသွေး ရှိသော ဆုရ မီဒီယာစုံသင် သင်ခန်းစာများကို အလွန်ပင် တွက်ချေကိုက်စွာ ပြုစုထုတ်လုပ်ပေးသည့် နည်းစနစ်တစ်ခုကို ကျွန်ုပ်တို့ တိုးတက်ဖွံ့ဖြိုးလာစေခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ စာရေးသူများနှင့် အယ်ဒီတာများသည် ဓမ္မပညာပိုင်းဆိုင်ရာ လေ့ကျင့်မှု ရှိထားပြီးသော ပညာပေးသူများ ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဘာသာပြန်ဆိုသူများသည်လည်း သူတို့၏ ဦးတည် ဘာသာစကားများ၌ ဓမ္မပညာပိုင်းဆိုင်ရာ ကျွမ်းကျင်

လိမ္မာသော ဒေသစကားပြောသူများ ဖြစ်ကြပါသည်။ ကျွန်ုပ်တို့၏ သင်ခန်းစာများတွင်လည်း ကမ္ဘာတလွှားမှ ထောင်ပေါင်းများစွာသော ဂုဏ်အသရေ ရှိ စာသင်တိုက် ပါမောက္ခများနှင့် သင်းအုပ်ဆရာများ၏ ထိုးထွင်းအမြင်များ ပါဝင်ပါသည်။ ဖြည့်စွက်ပြောရလျှင် ကျွန်ုပ်တို့၏ ရုပ်ပုံ ဒီဇိုင်နာများ၊ ပန်းချီဆရာများ၊ ထုတ်လုပ်သူများသည် လုံးဝဥဿုံ ခေတ်မှီသော ကရိယာများနှင့် နည်းလမ်းများကို သုံး၍ အမြင့်ဆုံး ထုတ်လုပ်မှု ဆိုင်ရာ စံနှုန်းများကို လိုက်နာထားပါသည်။

ကျွန်ုပ်တို့၏ ဖြန့်ချိရေး ဆိုင်ရာ ပန်းတိုင်များကို ပြီးမြောက်ရန် အတွက် သာ့ဒ်မစ်လ် အနေဖြင့် အသင်းတော်များ၊ စာသင်တိုက်များ၊ ကျမ်းစာကျောင်းများ၊ သာသနာပြုများ၊ ခရစ်ယာန် အသံလွှင့်သူများ၊ ဂြိုလ်တု ရုပ်မြင်သံကြား ဝန်ဆောင်မှုပေးသူများ၊ အခြားသော အဖွဲ့အစည်းများနှင့် မဟာဗျူဟာကျသော မိတ်ဖက်ဖြစ်မှုကို အခိုင်အမာ ပြုလုပ်ထားပါသည်။ ဤ ဆက်နွယ်မှုများကြောင့် ဒေသခံခေါင်းဆောင်များ၊ သင်းအုပ်ဆရာများ၊ စာသင်တိုက် စာသင်သားများသို့ ဗီဒီယို သင်ခန်းစာ အမြောက်အများကို ဖြန့်ဝေပေးနိုင်ခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်များ သည်လည်း ဖြန့်ချိရေး လမ်းကြောင်းများ အဖြစ် အသုံးတည့်နေသလို သင်၏ ကိုယ်ပိုင် လေ့လာသင်ယူ လူ့အဖွဲ့အစည်းကို မည်သို့ စတင်ရမည် ဆိုသည်နှင့် သက်ဆိုင်သည့် သင်ခန်းစာ ပစ္စည်းများ အပါအဝင် ကျွန်ုပ်တို့၏ သင်ခန်းစာများကို ထပ်ဆောင်းဖြည့်ဆည်းပေးရန် အတွက် နောက်ထပ် လိုအပ်သော ပစ္စည်းများကိုလည်း ပေးကမ်းပါသည်။

သာ့ဒ်မစ်လ်ကို အိုင်အာရ်အက်စ်က ကော်ပိုရေးရှင်း 501 C (3) အဖြစ်ဖြင့် အသိအမှတ်ပြုထားပါသည်။ ရက်ရောသည့် အသင်းတော်များ၏ အခွန်လွတ်ငြိမ်းခွင့် ရထားသည့် အလှူငွေများ၊ ဖောင်ဒေးရှင်းများ၊ စီးပွားရေး လုပ်ငန်းများနှင့် တစ်ဦးချင်း ပုဂ္ဂိုလ်များအပေါ်တွင် ကျွန်ုပ်တို့ အမှီပြုပါသည်။ ကျွန်ုပ်တို့၏ အမှုတော် အကြောင်း ပိုမိုသိရှိရန်နှင့် သင်မည်သို့ ပါဝင်နိုင်ကြောင်း လေ့လာရန် ကျေးဇူး ပြု၍ www.thirdmill.org သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

# မာတိကာ

နိဒါန်း.......... 1

အစောပိုင်းဘုရင်စနစ်ခေတ် .......... 1

**အဓိကဖြစ်ရပ်များ.......... 2**

စည်းလုံးညီညွတ်သည့်နိုင်ငံတော်.......... 2

ကွဲပြားသောနိုင်ငံတော်.......... 2

**ပရောဖက်ပြုချက်ဆိုင်ရာအမှုတော် .......... 3**

ပဋိညာဉ်စံနှုန်းများ.......... 3

ကွဲပြားသောနိုင်ငံတော်.......... 4

အာရှုရိတို့၏အုပ်စိုးခြင်းကာလ.......... 4

**အဓိကဖြစ်ရပ်များ.......... 5**

ရှုရိ-ဣသရေလမဟာမိတ်အဖွဲ့.......... 5

ရှမာရိမြို့၏ကျဆုံးခြင်း.......... 5

သနာခရိပ်၏တိုက်ခိုက်ကျူးကျော်ခြင်း.......... 6

**ပရောဖက်ပြုချက်ဆိုင်ရာအမှုတော် .......... 6**

ယောန.......... 7

ဟောရှေ.......... 7

အာမုတ် .......... 8

မိက္ခာ.......... 8

နာဟုံ .......... 9

ဟေရှာယ.......... 10

ဗာဗုလုန်တို့၏အုပ်စိုးခြင်း .......... 11

**အဓိကဖြစ်ရပ်များ.......... 11**

ပထမအကြိမ်ကျူးကျော်တိုက်ခိုက်ခြင်း .......... 12

ဒုတိယအကြိမ်ကျူးကျော်တိုက်ခိုက်ခြင်း.......... 12

တတိယအကြိမ်ကျူးကျော်တိုက်ခိုက်ခြင်း .......... 12

**ပရောဖက်ပြုချက်ဆိုင်ရာအမှုတော် .......... 13**

ယေရမိ .......... 13

ဇေဖနိ.......... 13

ယောလ .......... 14

ဩဗဒိ.......... 15

ဟဗက္ကုတ်.......... 15



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သွားရောက်၍ ဝင်ကြည့်နိုင်ပါသည်။

ယေဇကျေလ ....................................................................16
ဒံယေလ ....................................................................16

**ပြန်လည်တည်ဆောက်ခြင်းကာလ ........................................ 17**

**အဓိကဖြစ်ရပ်များ ........................................ 18**

ဣသရေလလူမျိုးများ ပြည်တော်ပြန်ခြင်း ....................................................................18
ဗိမာန်တော်ကို ပြန်လည်တည်ဆောက်ခြင်း ....................................................................18
အယူဝါဒဖောက်ပြန်မှု ပျံ့နှံ့ခြင်း ....................................................................19

**ပရောဖက်ပြုချက်ဆိုင်ရာအမှုတော် ........................................ 19**

ဟဂ္ဂဲ ....................................................................19
ဇာခရိ ....................................................................20
မာလခိ ....................................................................20

**နိဂုံး ........................................ 21**





ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သဘာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# နိဒါန်း

မကြာသေးမီက ကျွန်ုပ်ကိုဇတ်လမ်းတစ်ပုဒ်ပြောပြသည့် မိတ်ဆွေတစ်ဦးရှိသည်။ သူသည်လွန်ခဲ့သည့်နှစ်အနည်းငယ်ကအိမ်ထောင်ကျခဲ့သူဖြစ်ပြီး၊ ဇနီးဖြစ်သူသည်၎င်း၏အံဆွဲများကိုသန့်ရှင်းရေးလုပ်ရာ၌သူ၏ရည်းစားဟောင်းထံမှ စာတစ်စောင်ကို တွေ့ရှိလေသည်။ မကြာသေးမီကရေးထားသောစာဖြစ်သည်ဟုထင်သောကြောင့် အစပထမတွင် သူမသည်အလွန်စိတ်မကောင်းဖြစ်ခဲ့သည်၊ သို့သော် ကျွန်ုပ်၏သူငယ်ချင်းသည် စာအိတ်နှင့်စာအိတ်ပေါ် ရှိရက်စွဲတို့အားပြခြင်းဖြင့် လွန်ခဲ့သောနှစ်ပေါင်းများစွာက ရေးခဲ့သောစာဖြစ်ကြောင်းကို သူမကိုသက်သေပြနိုင်ခဲ့သည်။ ကျွန်ုပ်၏သူငယ်ချင်းသည် ကျွန်ုပ်ကိုကြည့်ပြီး "ရစ်ခ်၊ ငါမင်းကိုဘာပြောရမှန်းကိုမသိဘူး၊ ဘာကြောင့်လဲဆိုတော့ ဒီစာကိုရေးတဲ့အချိန်ကို ငါသက်သေမပြနိုင်ရင် ဘာဖြစ်မယ်ဆိုတာ ငါမသိဘူး" ဟုဆိုသည်။ ဝမ်းနည်းဖွယ်ရာမှာ၊ ခရစ်ယာန်များသည်ပရောဖက်များဟောပြောခဲ့သည့်အချိန် သို့မဟုတ် သူတို့၏ကျမ်းများအား ရေးခဲ့ကြသည့်အချိန်နှင့် ပတ်သက်၍အလေးမထားကြသောကြောင့် ဓမ္မဟောင်းပရောဖက်ပြုချက်ကို အကြိမ်များစွာ နားလည်မှုလွဲကြသည်။ ဓမ္မဟောင်းပရောဖက်များကို သေချာစွာလေ့လာမည်ဆိုပါက၊ ၎င်းတို့အမှုတော်ဆောင်ခဲ့သောအချိန်များနှင့်ကာလများကို ကျွန်ုပ်တို့နားလည်နိုင်မည်ဖြစ်သည်။

ဤသင်ခန်းစာကို "ပရောဖက်ပြုချက်နှင့်ပတ်သက်၍ သမိုင်းဆိုင်ရာလေ့လာသုံးသပ်ခြင်း" ဟု ခေါင်းစဉ်တပ်ထားပြီး၊ ဓမ္မဟောင်း၏သမိုင်းကြောင်းသည် ဓမ္မဟောင်းပရောဖက်ပြုချက်ကိုကောင်းစွာနားလည်ရန်အတွက် မရှိမဖြစ်လိုအပ်သောအကြောင်းအရာကို မည်ကဲ့သို့ပံ့ပိုးပေးသည်ကို လေ့လာသွားမည်ဖြစ်ပါသည်။ ကျွန်ုပ်တို့၏သမိုင်းဆိုင်ရာလေ့လာသုံးသပ်ခြင်းသည် ပရောဖက်ပြုချက်ဆိုင်ရာ သမိုင်းကြောင်းအား အဓိကကာလလေးခုအဖြစ်ပိုင်းခြားပါမည်_ပထမ အစောပိုင်းဘုရင်စနစ်ခေတ်၊ ဒုတိယ အာရှုရိတို့၏အုပ်စိုးခြင်းကာလ၊ တတိယ ဗာဗုလုန်တို့၏အုပ်စိုးခြင်းကာလ၊ ထို့နောက် နောက်ဆုံးတွင် ပြန်လည်တည်ဆောက်ခြင်းကာလကို လေ့လာသွားပါမည်။ အစောပိုင်းဘုရင်စနစ်ခေတ်ကို ရှေးဦးစွာကြည့်ကြပါစို့။

# အစောပိုင်းဘုရင်စနစ်ခေတ်

ဣသရေလ၏ဘုရင်စနစ်ထင်ရှားလာသောအခါ ပရောဖက်ပြုချက်သည်လည်း ထင်ပေါ်ကျော်ကြားလာသည်ကို အစောပိုင်းသင်ခန်းစာတစ်ခုတွင် ကျွန်ုပ်တို့တွေ့မြင်ခဲ့ရသည်။ ထို့ကြောင့် အစောပိုင်းဘုရင်စနစ်ခေတ်ကို ကြည့်ရှုခြင်းအားဖြင့် ပရောဖက်ပြုချက်နှင့်ပတ်သက်၍ သမိုင်းဆိုင်ရာ



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

လေ့လာသုံးသပ်ခြင်းကို စတင်လေ့လာနိုင်ရန် ကျွန်ုပ်တို့ကိုကူညီပေးပါလိမ့်မည်—ဣသရေလတို့ဘုရင်များကို စတင်ပိုင်ဆိုင်သောကာလဖြစ်သည်။ ဘီစီ ၂၀၀၀ ဝန်းကျင်တွင် အသက်ရှင်ခဲ့သောအာဗြဟံခေတ်မှ ရှောလုလက်ထက်တိုင်အောင်၊ ဣသရေလလူမျိုး၌လူသားရှင်ဘုရင်မရှိပါ။ သို့သော်ဒါဝိဒ်၏နိုင်ငံတော်သည် ဘီစီ ၁၀၀၀ ခန့်တွင်တည်ထောင်ခဲ့ပြီး၊ သူ၏နိုင်ငံတော်သည် မျိုးဆက်ပေါင်းများစွာမပျက်မစီးတည်မြဲခဲ့သည်။ ဣသရေလနိုင်ငံ၏ဤကာလဆိုင်ရာသမိုင်းကြောင်းကို ကျွန်ုပ်တို့လေ့လာသည့်အခါ၊ အရေးကြီးသောမေးခွန်းနှစ်ခုကိုမေးပါမည်_ ဤခေတ်ကာလတွင် ဖြစ်ပျက်ခဲ့သော အဓိကဖြစ်ရပ်များကား အဘယ်နည်း၊ ဤဖြစ်ရပ်များသည် ပရောဖက်ပြုချက်ဆိုင်ရာအမှုတော်လုပ်ငန်းများကို မည်သို့ပုံသွင်းခဲ့သနည်း။

## အဓိကဖြစ်ရပ်များ

အစောပိုင်းဘုရင်စနစ်ခေတ်တွင် ဖြစ်ပွားခဲ့သောအဓိကဖြစ်ရပ်နှစ်ခုကို သုံးသပ်ကြည့်ကြပါစို့။ ပထမဆုံးအနေနှင့် စည်းလုံးညီညွတ်သည့်နိုင်ငံတော်အကြောင်း ပြောပါမည်။

### စည်းလုံးညီညွတ်သည့်နိုင်ငံတော်

ဘီစီ ၁၀၀၀ ဝန်းကျင်တွင် ဒါဝိဒ်သည်ယေရုရှလင်မြို့၌ရာဇပလ္လင်ကိုရယူခဲ့သည်။ သူသည် မျိုးနွယ်အားလုံးကိုပေါင်းစည်းပြီး နိုင်ငံတော်အတွက် လုံခြုံသောနယ်နိမိတ်ကိုထူထောင်ကာ၊ သူ၏သားတော်လက်ထက်တွင် ဘုရားသခင်အဖို့ ဗိမာန်တော်တည်ဆောက်ရန်ပြင်ဆင်သည့်အနေဖြင့် ဘုရားသခင်၏သေတ္တာတော်ကို ယေရုရှလင်မြို့သို့ယူဆောင်ခဲ့သည်။ ဒါဝိဒ်၏သားရှောလမုန်သည် ခမည်းတော်၏ခြေရာကို လိုက်လေသည်။ သူသည် ဣသရေလ၏နယ်မြေများကို တိုးချဲ့ပြီး မျိုးနွယ်စုများကို စည်းလုံးစေခဲ့သည်။ ရှောလမုန်သည်လည်း ဘုန်းကြီးသောဗိမာန်တော်ကို တည်ဆောက်၍ ထာဝရဘုရားကို ကိုးကွယ်ဆည်းကပ်လေသည်။ ဒါဝိဒ်နှင့် ရှောလမုန်တို့သည် ပြီးပြည့်စုံသောဘုရင်များမဟုတ်ကြောင်း ရှမွေလ၊ ဘုရင်များနှင့် ရာဇဝင်ချုပ်များက ရှင်းလင်းစွာဖော်ပြထားသည်။ သို့သော်၊ သမ္မာကျမ်းစာကဤကာလကို ဘုရားသခင်၏လူများက ကောင်းချီးမင်္ဂလာများစွာရရှိသောစံနှုန်းအချိန်ကာလတစ်ခုအဖြစ် ရှုမြင်သည်။

### ကွဲပြားသော နိုင်ငံတော်

ဤအစောပိုင်းနှစ်ကာလများတွင် အခြေအနေကောင်းများရှိခဲ့သည့်အတိုင်း၊ ကွဲပြားသောနိုင်ငံတော်၏နောက်ထပ်အဓိကဖြစ်ရပ်တစ်ခုကို ကျွန်ုပ်တို့သတိရရမည်ဖြစ်သည်။ ဝမ်းနည်းစရာမှာ၊ ရှောလမုန်နှင့်သူ၏သားရေဗောင်တို့သည် မြောက်ပိုင်းလူမျိုးတို့ကို ရိုသေထိုက်သည့်အတိုင်း မဆက်ဆံခဲ့သဖြင့်၊ မြောက်ပိုင်းအမျိုးအနွယ်များကွဲသွားကာ ဘီစီ ၉၃၀ ဝန်းကျင်တွင်မိမိတို့နိုင်ငံကို တည်ထောင်ခဲ့ကြသည်။ ဤအဖြစ်အပျက်ကို ၃ ဓမ္မရာဇဝင် ၁၂ နှင့် ၂ ရာဇဝင်ချုပ် ၁၁ တွင်လေ့လာနိုင်ပါသည်။ ရေဗောင်သည် မြောက်ပိုင်းအမျိုးအနွယ်များကို တရားမျှတစွာဆက်ဆံရန်ငြင်းဆိုသောအခါ၊ သူတို့သည်ခွဲထွက်ကာ မိမိတို့လူမျိုးကို ကိုယ်ပိုင်ဖွဲ့စည်းတည်ထောင်ခဲ့ကြသည်။ ယေရောဗောင်သည်

မြောက်ပိုင်းအမျိုးအနွယ်တို့၏ ရှင်ဘုရင်ဖြစ်လာကာ၊ မြို့တော်ကိုရှမာရိတွင်လည်းကောင်း၊ ဒန်နှင့် ဗေသလတွင် ဝတ်ပြုကိုးကွယ်ရာဌာနများကိုလည်းကောင်း တည်ထောင်ခဲ့သည်။ ယခု ယေရောဗောင်၏ ပုန်ကန်ခြင်းသည် တောင်ပိုင်းနိုင်ငံနှင့်အလွန်ဝေးကွာလျက်ရှိသည်။ ဒန်နှင့်ဗေသလတွင်ရှိသော သူ၏ ဝတ်ပြုရာနေရာများတွင် ရုပ်တုများကိုတည်ဆောက်ခဲ့ပြီး၊ ထိုသို့လုပ်ဆောင်ခြင်းဖြင့် မြောက်ပိုင်းနိုင်ငံ သည် ဆိုးရွားစွာယိုယွင်းလာသည်။ လူမျိုးသည်ယေဟောဝါအပေါ် သစ္စာစောင့်သိမှုကိုရှောင်လွှဲပြီး၊ သူတို့ ၏ပဋိညာဉ်တာဝန်ကိုလည်းမနာခံခဲ့ကြပေ။ ယုဒပြည်သည်ဤကာလအတွင်းအတက်အကျရှိသော်လည်း အများစုမှာ မြောက်ပိုင်းဣသရေလထက် များစွာသာ၍သစ္စာရှိခဲ့ကြသည်။

ထို့ကြောင့် အစောပိုင်းဘုရင်စနစ်ခေတ်တွင် အဓိကဖြစ်ရပ်နှစ်ခုကို ကျွန်ုပ်တို့တွေ့မြင်ခဲ့ရသည်_ ပထမ၊ ဒါဝိဒ်နှင့် ရှောလမုန်လက်ထက်တွင်လူများ ကောင်းချီးအလွန်ခံစားရသည့် စည်းလုံးညီညွတ်သော နိုင်ငံတော်၊ ထို့နောက် ရောဗောင်ခေတ်တွင်နိုင်ငံတော်ကွဲပြားမှု ဖြစ်သည်။

အစောပိုင်းဘုရင်စနစ်ခေတ်တွင် ဖြစ်ပျက်ခဲ့သော အဓိကဖြစ်ရပ်နှစ်ခုကိုမြင်တွေ့ခဲ့ရပြီးနောက်၊ ဤဖြစ်ရပ်များသည် ပရောဖက်များ၏ဓမ္မအမှုတော်လုပ်ငန်းများအား မည်သို့ပုံဖော်ခဲ့သည်ကို ယခုကျွန်ုပ် တို့လေ့လာမည်ဖြစ်သည်။

## ပရောဖက်ပြုချက်ဆိုင်ရာအမှုတော်

ဓမ္မဟောင်းကျမ်းမှ ပရောဖက်ကြီးနှင့်ပရောဖက်ငယ်ကျမ်းများတွင် အကျဉ်းချုပ်ဖော်ပြထား သော မတူညီသောပရောဖက်တစ်ဆယ့်ခြောက်ဦးရှိပါသည်။ အစောပိုင်းဘုရင်စနစ်၏အချိန်ကာလသည် ပရောဖက်ပြုချက်များနှင့် ပြည့်နှက်နေကြောင်း ရာဇဝင်ကျမ်းများသည် ရှင်းလင်းစွာဖော်ပြထားသော် လည်း၊ အဆိုပါပရောဖက်ပြုချက်ကျမ်းများသည် ထိုခေတ်တွင်မရှိပါ။ ကျွန်ုပ်တို့လေ့လာနေသော ပရောဖက်များကို နောက်ခံထားဖော်ပြပေးသည့် အစောပိုင်းဘုရင်စနစ်အကြောင်းကိုသာ ကျွန်ုပ်တို့ ပြောဆိုမည်ဖြစ်ပါသည်။ ယခုကျွန်ုပ်တို့သည် ဤနောက်ခံအကြောင်းကို အနည်းဆုံးနည်းလမ်းနှစ်မျိုးဖြင့် မြင်နိုင်သည်။

### ပဋိညာဉ်စံနှုန်းများ

တစ်ဖက်တွင်၊ နောက်ပိုင်းကျမ်းရေးသူပရောဖက်များသည် အရေးကြီးသော တော်ဝင်ပဋိညာဉ် စံနှုန်းများကိုထူထောင်ခြင်းအဖြစ် စည်းလုံးညီညွတ်သောဘုရင်စနစ်ခေတ်ကို ပြန်ကြည့်ကြသည်။ သူတို့သည် ဘုရားသခင်၏လူများအတွက် ၎င်းတို့၏မျှော်လင့်ချက်အားလုံးကို ဒါဝိဒ်နှင့်ဘုရားသခင် ပြုထားသောပဋိညာဉ်အပေါ်အခြေခံပြီး၊ ရှောလမုန်တွင်အတည်ပြုခဲ့သည်။ သူတို့သည် ဒါဝိဒ်နှင့် ရှောလမုန်လက်ထက်ကဲ့သို့ ဣသရေလနှင့်ယုဒပြည် ပြန်လည်ပေါင်းစည်းမည့်နေ့ကို တောင့်တခဲ့ကြ သည်။ သူတို့သည်ဒါဝိဒ်၏ရာဇပလ္လင်သည် တစ်ဖန်လုံခြုံပြီး၊ နိုင်ငံ၏နယ်နိမိတ်ကို တစ်ဖန်တိုးချဲ့မည့် နေ့ရက်များကို စောင့်မျှော်နေကြသည်။ ထို့ကြောင့် ဤသဘောအရ၊ စည်းလုံးညီညွတ်သောဘုရင်စနစ် သည် ဓမ္မဟောင်းကျမ်းအား ရေးသားသူပရောဖက်များ၏နောက်ခံကို ဖော်ပြပေးသည်။

## ကွဲပြားသော နိုင်ငံတော်

အခြားတစ်ဖက်တွင်၊ နိုင်ငံတော်ကွဲပြားမှုသည် မတူညီသောလူမျိုးနှစ်ခုအပေါ် ကျမ်းရေးသူပရောဖက်များ အမှုတော်ထမ်းဆောင်ခဲ့သည်ဟူသောအချက်ကိုလည်း နောက်ခံပေးထားသည်။ ဤလူမျိုးများ၌သီးခြားသမိုင်းများ ရှိခဲ့သည်။ မြောက်ပိုင်းနိုင်ငံမှ ပရောဖက်အချို့သည် ယေဟောဝါအား အမှုတော်ထမ်းဆောင်ကြပြီး၊ လူတို့အားပဋိညာဉ်တရားစီရင်ခြင်းကို သတိပေးကာကြီးစွာသောကျန်းမာခြင်းနှင့် ကောင်းချီးမင်္ဂလာနေ့နှင့်ပတ်သက်၍အာမခံပေးကြသည်။ သူတို့၏အာရုံစိုက်မှုသည် မြောက်ပိုင်းမျိုးနွယ်စုများ၏မြို့တော်ဖြစ်သောရှမာရိဖြစ်သည်။ အခြားသောပရောဖက်များသည် ထာဝရဘုရား၏အမှုတော်အား ယုဒပြည်တွင်ထမ်းဆောင်ကြပြီး၊ လူတို့အားတရားစီရင်ခြင်းများကိုသတိပေးကာတောင်ပိုင်းရှိဘုရားသခင်၏လူတို့အား ကောင်းချီးမင်္ဂလာများပေးကြသော်လည်း၊ ယေရုရှလင်နှင့်ယုဒလူမျိုးကို အာရုံစိုက်ကြသည်။

အစောပိုင်းဘုရင်စနစ်ခေတ်တွင် ကျမ်းရေးသူပရောဖက်များမရှိခဲ့သော်လည်း၊ ဤကာလသည်ပရောဖက်များအားလုံး၏ဓမ္မအမှုတော်လုပ်ငန်းအတွက် မရှိမဖြစ်လိုအပ်သော နောက်ခံသမိုင်းကြောင်းအား ဖြစ်ပေါ်စေခဲ့သည်ကို ကျွန်ုပ်တို့တွေ့ရှိရပါသည်။ ဘုရင်စနစ်၏အစောပိုင်းကာလသည် ပဋိညာဉ်၏စံနှုန်းများကို မြဲမြံစေပြီး၊ မြောက်ပိုင်းနှင့် တောင်ပိုင်းနိုင်ငံများ၏အဖြစ်မှန်ကို သက်သေပြခဲ့သည်။

အစောပိုင်းဘုရင်စနစ်ခေတ်၏နောက်ခံကို ကျွန်ုပ်တို့တွေ့မြင်ရပြီးနောက်၊ ယခုကျွန်ုပ်တို့သည်ပရောဖက်ပြုချက်သမိုင်း၏ဒုတိယအဓိကကာလဖြစ်သည့် အာရှုရိတို့၏အုပ်စိုးခြင်းကာလကို ဆက်လက်၍လေ့လာမည်ဖြစ်သည်။

# အာရှုရိတို့၏အုပ်စိုးခြင်းကာလ

အစောပိုင်းသင်ခန်းစာတွင် ကျွန်ုပ်တို့တွေ့မြင်ခဲ့ရသည့်အတိုင်း၊ ပဋိညာဉ်၏လူများသည် သခင်ဘုရားအပေါ် သစ္စာစောင့်သိရန်တာဝန်ရှိပြီး၊ ဤပဋိညာဉ်ကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်သောအခါတွင် ဘုရားသခင်သည် စစ်ပွဲ၌တရားစီရင်မည်ကို သူတို့ကိုယ်တိုင်နားလည်ခဲ့ကြသည်။ ဘုရားသခင်သည် ဘုရားသခင်၏လူများအပေါ် ကြီးမားသောစစ်ပွဲကို ပထမဆုံးစေလွှတ်သည့်အချိန်သည် အာရှုရိတို့၏အုပ်စိုးခြင်းကာလတွင်ဖြစ်သည်။ ဘုရားသခင်၏လူတို့အပေါ်စစ်ပွဲတွင်ရှုံးနိမ့်ခြင်းစီရင်ချက်သည်အထူးသဖြင့် ၇၃၄ မှ ၇၀၁ ခုနှစ်အာရှုရိအင်ပါယာကာလများအတွင်း ဖြစ်ခဲ့သည်။ ဘီစီ ၈ နှင့် ၇ ရာစုအတွင်း၊ အာရှုရိအင်ပါယာသည်အင်အားကြီးထွားလာပြီး တိုင်းနိုင်ငံများစွာကို သိမ်းပိုက်နိုင်ခဲ့သည်။ အာရှုရိအင်ပါယာသည် ခေတ်သစ်တူရကီမှ ပါရှန်ပင်လယ်ကွေ့နှင့် အီဂျစ်တောင်ဘက်ပိုင်းအထိ ၎င်း၏အာဏာကိုဖြန့်ကျက်ခဲ့သည်။ ဣသရေလနှင့်ယုဒတို့သည် ဤကြီးမားပြီးရန်လိုသောအင်ပါယာနှင့်ဆက်ဆံခြင်းကိုရှောင်လွှဲ၍မရပေ။ ဤအာရှုရိတို့၏အုပ်စိုးခြင်းကာလကိုလေ့လာရန် ကိစ္စနှစ်ရပ်ကိုထပ်မံကြည့်ရှုပါမည်– ဤကာလတွင်ဖြစ်ပျက်ခဲ့သောအဓိကဖြစ်ရပ်များကား အဘယ်နည်း၊



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာဒ်မစ်လ်ကို
ဝင်ကြည့်နိုင်ပါသည်။

ယင်းဖြစ်ရပ်များသည် ဤရာစုနှစ်များအတွင်း ပရောဖက်များ၏ဓမ္မအမှုတော်များအား မည်သို့လွှမ်းမိုးခဲ့သနည်း။

# အဓိကဖြစ်ရပ်များ

အာရှုရိအုပ်စိုးမှု၏ရာစုနှစ်များအတွင်း ဓမ္မဟောင်းပရောဖက်ပြုချက်ဆိုင်ရာ အရေးအသားများအပေါ်လွှမ်းမိုးမှုရှိသော မည်သည့်အဓိကဖြစ်ရပ်များ ဖြစ်ပျက်ခဲ့သနည်း။ ကျွန်ုပ်တို့၏လေ့လာမှုအတွက် အရေးကြီးသောသမိုင်းဝင်ဖြစ်ရပ်ကြီး သုံးခုထက်မနည်း ဖြစ်ပွားခဲ့ပါသည်_ ပထမ ရှုရိ-ဣသရေလမဟာမိတ်အဖွဲ့၊ ဒုတိယ ရှမာရိကျဆုံးခြင်း၊ တတိယ သနာခရိပ်၏တိုက်ခိုက်ကျူးကျော်ခြင်းဖြစ်သည်။

## ရှုရိ-ဣသရေလမဟာမိတ်အဖွဲ့

ရှုရိ-ဣသရေလမဟာမိတ်အဖွဲ့သည် ထိုအချိန်က အာရှုရိထိန်းချုပ်မှုအောက်ရှိ နိုင်ငံငယ်သုံးခုကြားဖြစ်ပွားသည့် ပဋိပက္ခတွင်ပါဝင်ခဲ့သည်_ ရှုရိနိုင်ငံ၊ မြောက်ပိုင်း ဣသရေလနိုင်ငံနှင့် ယုဒပြည်တို့ဖြစ်သည်။ ဓမ္မဟောင်းကျမ်းတွင် ဤအဖြစ်အပျက်များကို နေရာများစွာတွင်ဖတ်ရှုနိုင်သော်လည်း၊ စိတ်ဝင်စားဖွယ်အလွန်ကောင်းသောကျမ်းပိုဒ်မှာ ဟေရှာယ ၇ ဖြစ်သည်။ ၇၃၄ ခုနှစ်ဝန်းကျင်တွင် ရှုရိနှင့်ဣသရေလမြောက်ပိုင်းတို့သည် အာရှုရိအင်ပါယာအား အခွန်ပေးဆောင်ရန်ငြီးငွေ့လာသောကြောင့် အာရှုရိတို့ကို တွန်းလှန်ရန်အတွက် မဟာမိတ်ဖွဲ့ရန်ဆုံးဖြတ်ခဲ့ကြသည်။
၎င်းတို့၏ကိုယ်ပိုင်မဟာမိတ်အဖွဲ့တည်ဆောက်ခြင်းအပြင် ဣသရေလနှင့်ရှုရိတို့က ယုဒအား ၎င်းတို့၏တပ်များအတွင်း ပူးပေါင်းပါဝင်ရန်ကြိုးစားခဲ့သည်။ သို့ရာတွင် ယုဒရှင်ဘုရင်အာခတ်သည် သူတို့နှင့်မပူးပေါင်းဘဲ အာရှုရိထံမှအကူအညီတောင်းခံခဲ့သည်။ ဘုရားသခင်၏လူများအတွက် ဤအဖြစ်အပျက်များသည် ရလဒ်များစွာရရှိခဲ့သော်လည်း၊ ထိုအဓိကအကျိုးဆက်များထဲမှ အနည်းဆုံးတစ်ခုကို ကျွန်ုပ်တို့သတိထားသင့်သည်။ မြောက်ပိုင်းနှင့်တောင်ပိုင်း နှစ်ဖက်စလုံးသည် အာရှုရိနှင့် ပဋိပက္ခလမ်းကြောင်းပေါ်တွင် ရှိနေကြသည်။ မြောက်ပိုင်းဣသရေလသည် အာရှုရိကိုပုန်ကန်သောကြောင့် အာရှုရိရှင်ဘုရင်များရောက်လာပြီး၊ မြောက်ပိုင်းဣသရေလကို တိုက်ခိုက်ဖျက်ဆီးခဲ့သည်။ ယုဒသည် အာရှုရိနှင့်အတန်ကြာအောင်ပေါင်းစည်းခဲ့ပြီး၊ အာရှုရိအင်ပါယာအတွက် များပြားသောအခွန်အတုတ်ကို ပေးဆောင်ခဲ့ရသည်။ သို့ရာတွင်နောက်ဆုံးတွင်၊ ယုဒပြည်သည်အာရှုရိကိုပုန်ကန်ခဲ့သောကြောင့် တိုက်ခိုက်ခြင်းသည် တောင်ပိုင်းယုဒပြည်သို့လည်း ရောက်လာတော့မည်ဖြစ်သည်။

## ရှမာရိမြို့၏ကျဆုံးခြင်း

အာရှုရိတို့အုပ်စိုးခြင်းကာလ၏ ဒုတိယမြောက်အဓိကဖြစ်ရပ်သည် ရှမာရိမြို့၏ကျဆုံးခြင်းဖြစ်သည်။ ရှမာရိမြို့သည် မြောက်ပိုင်းဣသရေလ၏မြို့တော်ဖြစ်ပြီး ရှုရိ-ဣသရေလမဟာမိတ်အဖွဲ့၏ပုန်ကန်မှုကြောင့် အာရှုရိတို့၏တုန့်ပြန်ရာနေရာဖြစ်လာခဲ့သည်။ ၃ ဓမ္မရာဇဝင် ၁၇ တွင် ဤအဖြစ်အပျက်အကြောင်းတွေ့ရသည်။ အာရှုရိစစ်တပ်ကြီးသည် မြောက်ပိုင်းဣသရေလသို့စစ်ချီလာကာ ရှမာရိမြို့ကိုဖျက်ဆီးခဲ့ပြီး၊ အာရှုရိလူများသည် မြောက်ပိုင်းဣသရေလလူမျိုးအများအပြားကိုကျွန်ပြုခဲ့သည်။ ယခု၊



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဤအဖြစ်အပျက်သည် ဘုရားသခင်၏လူများအတွက် နေ့သစ်တစ်ခုအဖြစ်သတ်မှတ်သော်လည်း၊ ပဋိညာဉ်တရားစီရင်ခြင်း၏အထွတ်အထိပ်အဖြစ် များပြားစွာသောလူများကျွန်ခံရခြင်းသည် မြောက်ပိုင်းဣသရေလကို အာရှုရိလူတို့၏ဖျက်ဆီးခြင်းနှင့်အတူ ပထမဆုံးအကြိမ်အဖြစ် အမှန်တကယ်ဖြစ်ပျက်ခဲ့သည်။

## သနာခရိပ်၏တိုက်ခိုက်ကျူးကျော်ခြင်း

အာရှုရိတို့အုပ်စိုးခြင်းကာလ၏ တတိယမြောက်အဓိကဖြစ်ရပ်မှာ ယုဒပြည်ကို သနာခရိပ်၏တိုက်ခိုက်ကျူးကျော်ခြင်းဖြစ်သည်။ ယုဒသည်မြောက်ပိုင်းနိုင်ငံ၏ရန်ပြုခြင်းမှကာကွယ်ရန် အာရှုရိအောက်၌ မိမိကိုယ်ကိုအပ်နှံထားသောကြောင့် အာရှုရိ၏အမျက်ဒေါသမှ ခဏတာလွတ်မြောက်ခဲ့သည်။ သို့သော် နောက်ပိုင်းတွင်၊ ယုဒသည်အာရှုရိကိုပုန်ကန်ပြီး ဤအင်ပါယာကြီး၏အမျက်ဒေါသကို ခံခဲ့ကြရသည်။ ယုဒပြည်တွင်တိုက်ခိုက်မှုများ အများအပြားဖြစ်ပွားခဲ့သော်လည်း အဆိုးဆုံးမှာ ဘီစီ ၇၀၁ ဝန်းကျင်တွင်ဖြစ်ပွားခဲ့သည့် သနာခရိပ်၏တိုက်ခိုက်ကျူးကျော်ခြင်းဖြစ်သည်။ ၄ ဓမ္မရာဇဝင် ၁၈ နှင့် ၁၉ တွင်ဤအဖြစ်အပျက်အကြောင်း တွေ့ရသည်။ အာရှုရိလူတို့သည် ယုဒမြို့များစွာကိုဖျက်ဆီးပြီး ယေရုရှလင်မြို့အထိ ရောက်ခဲ့ကြသည်။ အမှန်တကယ်တွင်၊ ယုဒရှင်ဘုရင်ဟေဇကိသည် ထာဝရဘုရားထံတော်သို့ အကူအညီတောင်းပြီး၊ အံ့ဖွယ်နည်းဖြင့် ဘုရားသခင်၏ကယ်တင်ပေးမှုမခံရမီတိုင် အရာအားလုံးသည်ဆုံးရှုံးသွားကြောင်း ထင်ရှားသည်။ ယခုတွင် ယုဒသည် အာရှုရိ၏လက်အောက်ခံနိုင်ငံအဖြစ် တည်ရှိနေသော်လည်း၊ ဟေဇကိနှင့် သနာခရိပ်တို့၏တိုက်ခိုက်ကျူးကျော်ခြင်းတွင် လုံးဝပျက်စီးခြင်းကို ရှောင်ရှားနိုင်ခဲ့သည်။

ထို့ကြောင့် အာရှုရိတို့၏အုပ်စိုးခြင်းကာလအတွင်း အဓိကဖြစ်ရပ်ကြီးသုံးခုရှိခဲ့ကြောင်း တွေ့မြင်နိုင်သည်_ပထမ ၇၃၄ ခုနှစ်တွင် ရှုရိ-ဣသရေလမဟာမိတ်ဖွဲ့ခြင်း၊ ဒုတိယ ဘီစီ ၇၂၂ တွင် ရှမာရိမြို့ပျက်စီးခြင်း၊ နောက်ဆုံးတွင် ၇၀၁ ၌သနာခရိပ်၏တိုက်ခိုက်ကျူးကျော်ခြင်းဖြစ်သည်။

ကျွန်ုပ်တို့သည် အာရှုရိတို့၏အုပ်စိုးခြင်းကာလအတွင်း ဖြစ်ပျက်ခဲ့သော အဓိကဖြစ်ရပ်များစွာကို မြင်တွေ့ခဲ့ရပြီးနောက်၊ ဤဖြစ်ရပ်သုံးခုသည် ပရောဖက်များ၏ဓမ္မအမှုတော်များအား မည်သို့လွှမ်းမိုးခဲ့သည်ကို ယခုကျွန်ုပ်တို့ဆန်းစစ်ရပေမည်။

# ပရောဖက်ပြုချက်ဆိုင်ရာအမှုတော်

အာရှုရိတို့၏အုပ်စိုးခြင်းကာလသည် ပရောဖက်များ၏ဓမ္မအမှုတော်အပေါ်ကြီးစွာသောဩဇာလွှမ်းမိုးမှုရှိသည်။ ဓမ္မဟောင်းဆယ့်ခြောက်ကျမ်းထဲမှခြောက်ကျမ်းသည် ဤကာလအတွင်း ယေဟောဝါ၏တမန်တော်များ၏အမှုတော်လုပ်ငန်းကို အစီရင်ခံတင်ပြသည်_ ယောန၊ ဟောရှေ၊ အာမုတ်၊ မိက္ခာ၊ နာဟုံနှင့် ဟေရှာယတို့ဖြစ်သည်။ ဤပရောဖက်များအားလုံးသည် အာရှုရိတို့၏အုပ်စိုးခြင်းကာလအတွင်း အမှုတော်ထမ်းဆောင်ခဲ့ကြသည်။ အာရှုရိတို့၏အုပ်စိုးခြင်းကာလနှင့်ပတ်သက်၍ ဤပရောဖက်များပြောခဲ့သည့်အရာကို အကျဉ်းချုပ်၍ကြည့်ကြပါစို့။

## ယောန

ပရောဖက်ယောနကို ဦးစွာဖော်ပြသင့်သည်။ ၄ ဓမ္မရာဇဝင် ၁၄:၂၅ အရ ဘုရားသခင်သည် ဘီစီ ၇၉၃-၇၅၃ ဝန်းကျင်တွင် မြောက်ပိုင်းဣသရေလတွင် ဘုရင်ဖြစ်ခဲ့သည့် ယေရောဗောင်နန်းစံကာလအတွင်း ပရောဖက်ပြုရန်ယောနကို ဘုရားသခင်ခေါ် ခဲ့သည်။ ယောန၏အမှုတော်ဆောင်ရာနေရာသည် အာရှုရိနိုင်ငံ၏မြို့တော် နိနေဝေမြို့သို့သွားရန် ဘုရားသခင်ခေါ်သောကြောင့် ပရောဖက်များကြားတွင် ထူးခြားသည်။ သူသည် အာရှုရိလူတို့၏မြို့တော်သို့သွား၍ ထာဝရဘုရား၏နှုတ်ကပတ်တရားတော်ကို ဟောတော်မူသည်၊ ယောန ၃း၄ ၌ ဖတ်ရှုရသည့်အတိုင်း သူဟောပြောသည့်အဓိကအချက်မှာ ရိုးရှင်းပါသည်_

> ယောနသည် မြို့ထဲသို့ဝင်၍တနေ့ခရီးသွားလျက်၊ အရက်လေးဆယ်လွန်သော်၊ နိနေဝေမြို့သည်ပျက်စီးခြင်းသို့ရောက်လိမ့်မည်ဟု ကြွေးကြော်လေ၏ (ယောန ၃:၄)။

ယောနအနေဖြင့်များစွာဝမ်းနည်းရသည်မှာ၊ နိနေဝေမြို့သားတို့သည် ထာဝရဘုရားထံမှ ဤနှုတ်ကပတ်တော်ကိုကြားသောအခါ နောင်တရခဲ့ကြသည်ဖြစ်၍၊ ဘုရားသခင်သည် ထိုမြို့ကို သတိပေးခဲ့သောဘေးဥပဒ်ကို မစေလွှတ်ခဲ့ပါ။ အာရှုရိအင်ပါယာကဲ့သို့ ဆိုးရွားသောအင်ပါယာတိုင်အောင် ဘုရားသခင်၏ကရုဏာတော်သက်ရောက်ကြောင်းကို ယောန၏ဓမ္မအမှုတော်သည် အမှတ်အသားပြုသည်။

## ဟောရှေ

အာရှုရိတို့အုပ်စိုးခြင်းကာလအတွင်း အမှုတော်ဆောင်ခဲ့သော ဒုတိယမြောက်ပရောဖက်မှာ ဟောရှေဖြစ်သည်။ ဟောရှေ ၁:၁ တွင်ဟောရှေသည် ယုဒရှင်ဘုရင်သြဇိမင်း၊ ယောသံမင်း၊ အာခတ်မင်း၊ ဟေဇကိမင်းလက်ထက်၌ အမှုတော်ထမ်းဆောင်ခဲ့သည်ဟု ဆိုသည်။ သြဇိမင်း၏နောက်ဆုံးအုပ်ချုပ်သောနှစ်သည် ဘီစီ ၇၄၀ ဝန်းကျင်ဖြစ်ပြီး၊ ဟေဇကိမင်း၏နန်းစံပထမနှစ်မှာ ဘီစီ ၇၁၆ ဝန်းကျင်ဖြစ်သည်။ ဤအကွာအဝေးပမာဏသည် ပရောဖက်ဟောရှေ၏အမှုတော်ဆောင်ခြင်းကာလကို ကြာရှည်စွာတည်စေပါသည်။ သူသည် အဓိကအားဖြင့်မြောက်ပိုင်းဣသရေလတွင် ဘီစီ ၇၅၀ ဝန်းကျင်မှ ဘီစီ ၇၂၂ ရှမာရိကျဆုံးချိန်အထိ အမှုဆောင်ခဲ့သည်။ ထိုအချိန်တွင် ဟောရှေသည် တောင်ဘက်ပိုင်းသို့ ပြောင်းရွှေ့သွားဖွယ်ရှိသည်။ ထို့ကြောင့် ဟောရှေသည် ရှုရိ-ဣသရေလမဟာမိတ်အဖွဲ့မတိုင်မီ စည်းစိမ်ချမ်းသာကြွယ်ဝချိန်ကာလတွင်လည်းကောင်း၊ ရှမာရိကျဆုံးချိန်တိုင်အောင်လည်းကောင်း ပရောဖက်ပြုခဲ့သည်ကို ကျွန်ုပ်တို့တွေ့မြင်ရသည်။

ဟောရှေ၏ပရောဖက်ပြုချက်အာရုံစူးစိုက်မှုများသည် သူသည်မြောက်ပိုင်းဣသရေလတွင် အမှုဆောင်ခဲ့သည်ကို ဖော်ပြသည်။ သူ၏ပရောဖက်ပြုချက်အများစုတွင် မြောက်ပိုင်း၏အကျင့်ပျက်ခြစားမှုနှင့် မကောင်းမှုတို့ကို ဆန့်ကျင်သတိပေးချက်ပါရှိသည်။ ဟောရှေ၏အဓိကသတင်းစကားမှာ ဤသို့ဖြစ်သည်_ မြောက်ပိုင်းနိုင်ငံသည် အပြစ်ကြောင့်အလွန်ယိုယွင်းပျက်စီးခဲ့ပြီး ဘုရားသခင်သည်

ဣသရေလနှင့်ရှမာရိတို့ကို ဖျက်ဆီးရန် အာရှုရိလူတို့ကို ခေါ်ဆောင်ခြင်းဖြင့် သူတို့ကို တရားစီရင်မည် ဖြစ်သည်။ ရှမာရိကျဆုံးခြင်းနှင့်အတူ ဤဟောပြောမှုသည် ပြည့်စုံခဲ့သည်။ သို့သော် ဟောရှေသည် မျှော်လင့်ချက်ပေးခဲ့သည်။ ကျွန်ခံရပြီးနောက်တွင်ပင် ပြန်လည်တည်ဆောက်ခြင်းဆိုင်ရာ ပဋိညာဉ် ကောင်းချီးမင်္ဂလာသည် တစ်နေ့တွင်ရောက်လာမည်ဟု သူဆိုသည်။

## အာမုတ်

အာရှုရိတို့အုပ်စိုးခြင်းကာလ၌အာရုံစိုက်ရမည့် တတိယမြောက်ပရောဖက်မှာ အာမုတ်ဖြစ်သည်။ အာမုတ် ၁:၁ ၌အာမုတ်သည် ယုဒရှင်ဘုရင် ဩဇိမင်း၊ ဣသရေလရှင်ဘုရင်ယေရောဗောင်မင်းတို့ လက်ထက်တွင် အမှုဆောင်ခဲ့သည်ဟုဆိုသည်။ ဤကျမ်းပိုဒ်သည် ဘီစီ ၇၆၀ မှ ၇၅၀ အတွင်း အာမုတ်၏ ဓမ္မအမှုတော်ဆောင်သည့်ရက်စွဲများကို ဖော်ပြပေးသည်။ အာမုတ်သည် ၇၃၄ ခုနှစ် ရှုရိ-ဣသရေလ မဟာမိတ်အဖွဲ့မတိုင်မီအချိန်တွင် အမှုတော်ထမ်းဆောင်ခဲ့သည်။ သူသည် မြောက်ပိုင်းဣသရေလ၏ စည်းစိမ်ချမ်းသာကြွယ်ဝချိန်နှင့် ယေရောဗောင် ၂ လက်အောက်ရှိ ၎င်းတို့၏ကျေနပ်ရောင့်ရဲရာကာလ များအတွင်း အမှုတော်ထမ်းဆောင်ခဲ့သည်။ ဟောရှေကဲ့သို့ပင်၊ အာမုတ်သည် ဣသရေလနိုင်ငံမြောက် ပိုင်းတွင် အမှုတော်ထမ်းဆောင်ခဲ့ပြီး သူ၏အဓိကသတင်းစကားမှာ ဤသို့ဖြစ်သည်—အာရှုရိတို့အုပ်စိုး မည့်ကာလသည်ရောက်လာမည်၊ ရှမာရိသည်ကျဆုံးပြီး လူတို့သည်ကျွန်ခံရလိမ့်မည်ဟု သူ၏ခေတ် မျိုးဆက်များကို သတိပေးခဲ့သည်။ အာမုတ် ၅:၂၇ တွင်ဣသရေလလူတို့အား အာမုတ်ပြောသည်မှာ_

> ထိုကြောင့်၊ သင်တို့ကို ဒမာသက်မြို့တဘက်သို့သိမ်းသွားစေခြင်းငှါ
> ငါစီရင်မည်ဟု၊ ကောင်းကင်ဗိုလ်ခြေအရှင်ဘုရားသခင်ဟူ၍ ဘွဲ့နာမရှိသော
> ထာဝရဘုရားမိန့်တော်မူ၏ (အာမုတ် ၅:၂၇)။

သူ၏အနာဂတ္တိကျမ်းနောက်ဆုံးအခန်းတွင်၊ အာမုတ်သည် ကျွန်ခံရခြင်းသည် ဣသရေလ၏ အဆုံးသတ်မဟုတ်ကြောင်း မျှော်လင့်ချက်ကို ထပ်လောင်းပြောကြားခဲ့သည်။ မောရှေကိုယ်တိုင်ကတိပြု ခဲ့သည့် ကျွန်ခံပြီးနောက်ပြန်လည်တည်ဆောက်ခြင်းဆိုင်ရာကောင်းချီးမင်္ဂလာပဋိညာဉ်ကိုလည်း အာမုတ် ထပ်မံအတည်ပြုခဲ့သည်။

## မိက္ခာ

အာရှုရိတို့၏အုပ်စိုးခြင်းကာလတွင်သုံးသပ်ရမည့် စတုတ္ထမြောက်ပရောဖက်မှာ မိက္ခာဖြစ်သည်။ မိက္ခာ ၁:၁ ၌မိက္ခာသည် ယုဒရှင်ဘုရင် ယောသံ၊ အာခတ်၊ ဟေဇကိမင်းလက်ထက်တွင် ရှမာရိမြို့နှင့် ယေရုရှလင်မြို့တို့နှင့်သက်ဆိုင်၍ အမှုဆောင်ခဲ့သည်ဟု ဆိုသည်။ မိက္ခာသည် အနည်းဆုံး ဘီစီ ၇၃၅ မှစ ၍၊ ယောသံမင်းနန်းစံနောက်ဆုံးနှစ်ဖြစ်သော သနာခရိပ်၏တိုက်ခိုက်ကျူးကျော်ခြင်း ၇၀၁ ခုနှစ်တိုင် အောင် ဘုရားသခင်၏ပရောဖက်အဖြစ် အမှုတော်ထမ်းဆောင်ခဲ့သည်။ ဟောရှေနှင့် အာမုတ်တို့မတူဘဲ၊ မိက္ခာသည် ယုဒပြည်တွင် အထူးသဖြင့်ယေရုရှလင်မြို့အနီးတစ်ဝိုက်တွင် အမှုတော်ထမ်းဆောင်ခဲ့သည်။ ရှင်းရှင်းပြောရလျှင်၊ မိက္ခာ၏သတင်းစကားမှာ ဘုရားသခင်သည် အာရှုရိလူတို့လက်ဖြင့် ရှမာရိနှင့် ယေရုရှလင်မြို့တို့ကို တရားစီရင်မည့်အကြောင်း ဖြစ်သည်။ ရှမာရိသည် ပျက်စီးခြင်းမှ လွတ်မြောက်ရန်

မျှော်လင့်ချက် အနည်းငယ်ရှိသော်လည်း၊ ယေရုရှလင်မြို့သည် ပျက်စီးတော့မည်ဟု သတိပေးခဲ့သည်။ သနာခရိပ်၏တိုက်ခိုက်ကျူးကျော်ခြင်းအတွင်း၊ မည်သည့်အခါမျှ ယေရုရှလင်မြို့ကိုရန်သူမဖျက်ဆီးနိုင်ကြောင်းပြောဆိုသော မိစ္ဆာပရောဖက်များကို မိက္ခာသည်ဆန့်ကျင်ခဲ့သည်။ နောင်တမရပါက ယေရုရှလင်မြို့ပျက်စီးမည်ဟု သူသတိပေးခဲ့သည်။ သို့တိုင် မိက္ခာသည် ကျွန်ခံရပေမယ့်လည်း၊ တစ်နေ့တွင် ဘုရားသခင်သည် ရန်သူများကိုလက်တုံ့ပြန်မည်ဖြစ်ပြီး ကိုယ်တော်၏လူများကို အာရှုရိ၏ဖိနှိပ်မှုမှ လွတ်မြောက်စေကာ၊ ပြည်တော်၌ လူများပြန်လည်စုစည်းရန်နှင့် သူတို့၏ပဋိညာဉ်ကောင်းချီးမင်္ဂလာများကိုပြန်လည်တည်ဆောက်ရန် ဘုရင်ကြီးတစ်ပါးကိုဆောင်ခဲ့မည်ဟု မိက္ခာမျှော်လင့်ထားသည်။

## နာဟုံ

အာရှုရိတို့အုပ်စိုးခြင်းကာလအတွင်း အမှုတော်ဆောင်ခဲ့သော ပဥ္စမမြောက်ပရောဖက်မှာ နာဟုံဖြစ်သည်။ နာဟုံ၏ဓမ္မအမှုတော်ဆောင်သောကာလကို သူ၏အနာဂတ္တိကျမ်းတွင် အတိအလင်းဖော်ပြထားခြင်းမရှိသော်လည်း သူ၏အနာဂတ္တိကျမ်းတွင်တွေ့ရသောအကြောင်းအရာများမှတစ်ဆင့် ကောက်ချက်ချနိုင်သည်။ သူ၏အမှုဆောင်ခြင်းသည် ဘီစီ ၆၆၃ နှင့် ဘီစီ ၆၁၂ ကြားဖြစ်သည်။ သူ၏အနာဂတ္တိကျမ်းမှ အခန်းငယ်နှစ်ခုသည် ဖြစ်နိုင်ခြေအကွာအဝေးကို သတ်မှတ်ပေးသည်။ ၃:၈ တွင် အီဂျစ်၏ Thebes မြို့ကို အာရှုရိများ သိမ်းပိုက်ထားပြီးဖြစ်ကြောင်း တွေ့ရှိရပြီး၊ ဤအဖြစ်အပျက်သည် ဘီစီ ၆၆၃ တွင် ဖြစ်ပျက်ခဲ့သည်။ သို့တိုင်ပရောဖက်သည် အာရှုရိ၏မြို့တော် နိနေဝေမြို့ပျက်စီးခြင်းအကြောင်းကိုလည်း ကြိုတင်ဟောပြောထားကာ၊ ၎င်းကိုအနာဂတ်ဖြစ်ရပ်တစ်ခုအဖြစ် ၃:၇ တွင် ဖော်ပြထားသည်။ နိနေဝေမြို့ပျက်စီးခြင်းသည် ဘီစီ ၆၁၂ တွင်ဖြစ်ပျက်ခဲ့သောကြောင့်၊ သူ၏ဓမ္မအမှုတော်ဆောင်ခြင်းသည် ထိုဖြစ်ရပ်ကြီးမတိုင်မီဖြစ်ကြောင်း ကျွန်ုပ်တို့သိနိုင်သည်။

နာဟုံသည် ယုဒပြည်နှင့်ပတ်သက်၍ ၁:၁၅ တွင်ဟောပြောသောကြောင့်၊ သူသည် ယုဒပြည်တွင်အမှုတော်ထမ်းဆောင်ခဲ့သည်ဟု ကျွန်ုပ်တို့ယုံကြည်နိုင်သော်လည်း၊ နာဟုံသည် ယုဒပြည်ကိုမဟုတ်ဘဲ အာရှုရိကိုအာရုံစိုက်သည်ကို တွေ့ရသည်။ ဣသရေလနှင့်ယုဒနှစ်ပြည်စလုံးသည် ဤအချိန်၌အာရှုရိလက်တွင် ပြင်းထန်စွာခံစားနေကြရသည်၊ ဤဆင်းရဲဒုက္ခများကြားတွင် နာဟုံထံတွင် အဓိကသတင်းစကားတစ်ခုရှိသည်_ ဘုရားသခင်သည် အာရှုရိကိုဖျက်ဆီးတော်မူမည်။ ဘုရားသခင်သည် နိနေဝေမြို့ကိုဖျက်ဆီးခြင်းဖြင့် အာရှုရိကိုအပြစ်ပေးမည်ဟု သူသည်ယုဒကိုအာမခံခဲ့သည်။ ၃း၅-၇ တွင်ဖတ်ရသည့်အတိုင်း၊ ယေဟောဝါသည် ဤသို့မိန့်တော်မူသည်_

> ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရား မိန့်တော်မူသည်ကား၊ သင့်တဘက်၌ ငါနေ၏။...သင်၌အချည်းစည်းရှိခြင်း၊ အရှက်ကွဲခြင်းကိုငါပြမည်။ သင့်ကို မြင်သမျှသော သူတို့က၊ နိနေဝေမြို့ပျက်စီးပြီ။ အဘယ်သူမြည်တမ်း မည်နည်းဟုဆိုလျက် (နာဟုံ ၃း၅-၇)။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

## ဟေရှာယ

အာရှုရိတို့အုပ်စိုးခြင်းကာလတွင် အာရုံစိုက်ရမည့် ဆဋ္ဌမမြောက်ပရောဖက်မှာ ဟေရှာယဖြစ်သည်။ ဟေရှာယ ၁:၁ တွင်ဟေရှာယသည် ယုဒရှင်ဘုရင် ဩဇိ၊ ယောသံ၊ အာခတ်၊ ဟေဇကိမင်းတို့အုပ်စိုးစဉ်တွင် အမှုတော်ကိုဆောင်ရွက်ခဲ့ကြောင်း ဖော်ပြထားသည်။ ဘုရင်များ၏စာရင်းအရ ဘီစီ ၇၄၀ ဝန်းကျင်မှ ဘီစီ ၇၀၁ နောက်ပိုင်း၊ သနာခရိပ်၏တိုက်ခိုက်ကျူးကျော်ခြင်းတိုင် ဟေရှာယအမှုတော်ထမ်းဆောင်ခဲ့ကြောင်း ဖော်ပြသည်။ ဟေရှာယသည် ရှုရိ-ဣသရေလမဟာမိတ်အဖွဲ့၊ ရှမာရိကျဆုံးမှုနှင့်သနာခရိပ်၏တိုက်ခိုက်ကျူးကျော်ခြင်းကာလတစ်လျှောက်တွင် အမှုတော်ထမ်းဆောင်ခဲ့သည်ကိုတွေ့မြင်နိုင်သည်။ ဟေရှာယအနာဂတ္တိကျမ်းတွင်တွေ့ရသောအကြောင်းအရာက သူသည်ယုဒပြည်၊ အထူးသဖြင့်ယေရုရှလင်တွင် အမှုတော်ထမ်းဆောင်ခဲ့ကြောင်း ဖော်ပြသည်။ အာရှုရိတို့အုပ်စိုးခြင်းကာလအတွင်း ဟေရှာယသည် ယုဒပြည်နှင့် နည်းလမ်းအမျိုးမျိုးဖြင့်ပတ်သက်ခဲ့သည်။ ရှုရိ-ဣသရေလမဟာမိတ်ကာလတစ်လျှောက်လုံး ထာဝရဘုရားကို သစ္စာရှိမှုနှင့် ယုံကြည်ကိုးစားရန် သူတောင်းဆိုခဲ့သည်။ သနာခရိပ်၏တိုက်ခိုက်ကျူးကျော်ခြင်းအတွင်း၊ ဟေရှာယသည်ဟေဇကိမင်းအား ယေရုရှလင်မြို့ကိုကယ်တင်ရန်အတွက် ယေဟောဝါအားကိုးစားရန် တိုက်တွန်းခဲ့သည်။ သူ၏ဓမ္မအမှုတော်၏အပိုင်းများတွင် အဓိကသတင်းစကားတစ်ခုပါရှိသည်_ ယုဒပြည်သည် အာရှုရိတို့၏အုပ်စိုးခြင်းကိုရင်ဆိုင်ရစဉ်တွင် ယေဟောဝါကို ယုံကြည်ရမည်ဖြစ်သည်။ ဣသရေလလူတို့သည် ထာဝရဘုရားကို မယုံကြည်သောအခါ၊ ဣသရေလအဖို့ အခြားသတိပေးချက်တစ်ခုရှိသည်_ ယုဒပြည်သည် ကျွန်ခံရလိမ့်မည်။ အခြားပရောဖက်များစွာကဲ့သို့ပင်၊ ယုဒပြည်ပြန်လည်တည်ဆောက်ခြင်းသည် ကျွန်ခံရပြီးနောက် ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း ဟေရှာယသည်အခိုင်အမာပြောကြားခဲ့သည်။

ထို့ကြောင့် အာရှုရိတို့၏အုပ်စိုးခြင်းကာလသည် ပရောဖက်များ၏ဓမ္မအမှုတော်လုပ်ငန်းများအတွက် သိသာထင်ရှားသောအကျိုးဆက်များစွာကိုဖြစ်ပေါ်စေသည့် အဓိကဖြစ်ရပ်များစွာရှိသည်ကိုကျွန်ုပ်တို့တွေ့မြင်ခဲ့ရသည်။ ၎င်းအချိန်ကာလသည် ဘုရားသခင်၏လူမျိုးတော်အတွက် ကြီးစွာသောဆင်းရဲဒုက္ခနှင့် ပင်ပန်းဆင်းရဲခြင်းကာလဖြစ်သည်ကို ပရောဖက်များသိကြသည်။ သူတို့သည် တရားစီရင်ခြင်းဆိုင်ရာနုတ်ကပတ်တော်များသာမက ပိုတောက်ပသောအနာဂတ်နေ့များအကြောင်းနှင့်လည်းအားပေးစကားများပြောကြသည်။

အာရှုရိတို့၏အုပ်စိုးခြင်းကာလအတွင်း ဓမ္မဟောင်းပရောဖက်များသည် မည်ကဲ့သို့အမှုတော်ဆောင်ခဲ့ကြသည်ကို လေ့လာခဲ့ပြီးနောက်၊ ယခုအခါ ကျွန်ုပ်တို့သည်ဗာဗုလုန်တို့၏အုပ်စိုးခြင်းကာလသို့ဆက်လက်လေ့လာသွားမည်ဖြစ်သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို
ဝင်ကြည့်နိုင်ပါသည်။

# ဗာဗုလုန်တို့၏အုပ်စိုးခြင်း

အစောပိုင်းဘုရင်စနစ်ခေတ်သည် ဓမ္မဟောင်းကျမ်းရေးသူပရောဖက်များအားလုံးအတွက် နောက်ခံသမိုင်းကြောင်းကိုဖြစ်ပေါ်စေခဲ့သည်ကို ကျွန်ုပ်တို့တွေ့မြင်ရပါသည်။ ဘီစီ ၇၃၄ မှ ၇၀၁ ခုနှစ် အာရှုရိတို့၏အုပ်စိုးခြင်းကာလအတွင်းဖြစ်ပေါ် ခဲ့သည့် ယောန၊ ဟောရှေ၊ အာမုတ်၊ မိက္ခာ၊ နာဟုံနှင့် ဟေရှာယတို့ထမ်းဆောင်ခဲ့သော သမိုင်းဆိုင်ရာအကြောင်းအရာကိုလည်း ကျွန်ုပ်တို့တွေ့မြင်ခဲ့ရပါသည်။ ယခုကျွန်ုပ်တို့သည် ပရောဖက်ပြုချက်ဆိုင်ရာအမှုတော်၏ တတိယမြောက်အဓိကကာလဖြစ်သော ဗာဗုလုန်တို့၏အုပ်စိုးခြင်းသို့ ရောက်လာပြီဖြစ်သည်။ ဤအုပ်စိုးခြင်းကာလသည် ဘီစီ ၆၀၅ မှ ဘီစီ ၅၃၉ အထိကြာမြင့်ခဲ့သည်။

ပရောဖက်ဟေရှာယသည် အာရှုရိတို့၏အုပ်စိုးခြင်းကာလနှင့် ဗာဗုလုန်တို့၏အုပ်စိုးခြင်းကြား တွင်နည်းအမျိုးမျိုးဖြင့်ဆက်စပ်မှုကိုပုံဖော်ထားသည်။ သနာခရိပ်၏တိုက်ခိုက်ကျူးကျော်ခြင်းကာလတွင် ဟေရှာယသည် ဟေဇကိလက်ထက်၌အမှုတော်ထမ်းဆောင်ခဲ့သည်ကို ကျွန်ုပ်တို့မြင်ပြီးဖြစ်သည်။ ဤတိုက်ခိုက်ကျူးကျော်မှုပြီးသောအခါ၊ ဟေဇကိသည်နောက်ထပ်တိုက်ခိုက်မှုများမှ မိမိကိုယ်ကို ကာကွယ်ရန် ဗာဗုလုန်လူတို့နှင့် မဟာမိတ်ဖွဲ့ရန် ကြိုးစားခဲ့သည်။ ဟေရှာယအခန်းကြီး ၃၉ တွင်၊ ဟေဇကိပြုခဲ့သောအရာကို ပရောဖက်က ရှာဖွေတွေ့ရှိခဲ့သည်။ ထို့ကြောင့် ၃၉း၅-၇ တွင် ဤစကားများ ကို မိန့်တော်မူသည်_

> ထိုအခါ ဟေရှာယက၊ ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရား၏
> နှုတ်ကပတ်တော်ကို နားထောင်လော့။ နန်းတော်၌ ရှိသမျှကိုငင်း၊
> ယနေ့တိုင်အောင် ဘိုးဘေးတို့သည် ဆည်းဖူးသမျှကိုငင်း၊ ဗာဗုလုန်မြို့သို့
> ယူသွားရသော ကာလသည် ရောက်လိမ့်မည်...သင်နှင့်နွယ်၍ရသော
> သင်၏သားမြေးတို့ကိုလည်း ယူသွား၍၊ သူတို့သည်
> ဗာဗုလုန်ရှင်ဘုရင်၏နန်းတော်၌၊ လူပျိုတော်လုပ်ရကြလိမ့်မည်ဟု
> ဟေဇကိမင်းအားပြောဆိုလေ၏ (ဟေရှာယ ၃၉:၅-၇)။

တစ်ဖန် ကျွန်ုပ်တို့၏ဆွေးနွေးချက်ကို အလေးထားမှုနှစ်ခုအဖြစ် ပိုင်းခြားပါမည်_ ပထမ ဗာဗုလုန် တို့၏အုပ်စိုးခြင်း၏ အဓိကဖြစ်ရပ်များကားအဘယ်နည်း၊ ဒုတိယ ဤအချိန်အတောအတွင်း ပရောဖက် များမည်သို့အမှုဆောင်ခဲ့ကြသနည်း။ ဗာဗုလုန်တို့၏အုပ်စိုးခြင်းဆိုင်ရာ အဓိကဖြစ်ရပ်များကို ဦးစွာကြည့် ကြပါစို့။

## အဓိကဖြစ်ရပ်များ

ဤကာလကိုနားလည်ရန်၊ အဓိက အဖြစ်အပျက် သုံးခုကိုခွဲခြားသတ်မှတ်ပါမည်_ဗာဗုလုန်တို့၏ ဘီစီ ၆၀၅ တွင်ပထမအကြိမ်ကျူးကျော်တိုက်ခိုက်ခြင်း၊ ဘီစီ ၅၉၇ တွင်ဒုတိယအကြိမ်ကျူးကျော် တိုက်ခိုက်ခြင်းနှင့် ဘီစီ ၅၈၆ တွင်တတိယအကြိမ်ကျူးကျော်တိုက်ခိုက်ခြင်းတို့ ဖြစ်သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

## ပထမအကြိမ်ကျူးကျော်တိုက်ခိုက်ခြင်း

ပထမဦးစွာ၊ ဘီစီ ၆၀၅ တွင်ပထမအကြိမ်ကျူးကျော်တိုက်ခိုက်ပြီး ယုဒခေါင်းဆောင်များကို ဗာဗုလုန်သို့ ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။ ဘုရင်ယောယကိမ်သည် ဗာဗုလုန်ဘုရင်နေဗုခဒ်နေဇာအပေါ် သစ္စာမဲ့သောကြောင့်၊ နေဗုခဒ်နေဇာသည် ယုဒပြည်ကို ကျူးကျော်တိုက်ခိုက်ကာ ယေရုရှလင်မြို့မှ ခေါင်းဆောင်များစွာကို ဖယ်ရှားခဲ့သည်။ ပရောဖက်ဒံယေလနှင့် သူ၏သူငယ်ချင်းများဖြစ်သော ရှာဒရက်၊ မေရှက်နှင့် အဗေဒနေဂေါတို့သည် ဤအချိန်တွင်ဖမ်းဆီးခေါ်ဆောင်သွားခြင်းခံရသူများထဲတွင် ပါဝင်သည်။

## ဒုတိယအကြိမ်ကျူးကျော်တိုက်ခိုက်ခြင်း

ဤခေတ်၏ ဒုတိယအဓိကဖြစ်ရပ်သည် ဘီစီ ၅၉၇ တွင်ဖြစ်ပွားခဲ့သည်။ နေဗုခဒ်နေဇာသည် ယုဒပြည်ကို ဒုတိယအကြိမ်ကျူးကျော်တိုက်ခိုက်ခြင်းနှင့် ဖမ်းဆီးခေါ်ဆောင်သွားခြင်းဖြင့် ဆက်လက်တုန့်ပြန်ခဲ့သည်။ ထိုကာလ၌၊ သူသည် ယုဒပြည်နေရာများစွာကိုဖျက်ဆီးပြီး များပြားလှသောလူဦးရေကို ဗာဗုလုန်သို့ သိမ်းသွားခဲ့သည်။ ဤဖမ်းဆီးခေါ်ဆောင်သွားခြင်းတွင် ပရောဖက်ယေဇကျေလလည်း ပါဝင်ခဲ့သည်။ ဤဒုတိယအကြိမ်ကျူးကျော်တိုက်ခိုက်မှုသည် ယုဒလူမျိုးကို ပုံစံအမျိုးမျိုးဖြင့်ထိခိုက်စေသော်လည်း၊ လူမျိုးတို့သည် ၎င်း၏ဆိုးညစ်သောနည်းလမ်းများကို နောင်တမရကြသေးပေ။

## တတိယအကြိမ် ကျူးကျော်တိုက်ခိုက်ခြင်း

ဗာဗုလုန်ခေတ်၏ တတိယမြောက်အဓိကဖြစ်ရပ်သည် ဘီစီ ၅၈၆ တွင် ဖြစ်ပွားခဲ့သည်။ နေဗုခဒ်နေဇာသည် ယုဒပြည်အားဆက်လက်တိုက်ခိုက်ရန်လုံလောက်ပြီး၊ တတိယနှင့် နောက်ဆုံးအကြိမ်ကျူးကျော်တိုက်ခိုက်မှုနှင့် ဖမ်းဆီးခေါ်ဆောင်သွားခြင်းကို ပြုလုပ်ခဲ့သည်။ ဤတစ်ကြိမ်တွင်၊ ဗာဗုလုန်လူမျိုးများသည် ယေရုရှလင်မြို့နှင့် ၎င်း၏သန့်ရှင်းသောဗိမာန်တော်ကို ရှင်းရှင်းဖျက်ဆီးပစ်ခဲ့သည်။ ယုဒပြည်မှလူအများစုသည်ကျွန်ပြုခံရပြီး၊ ပြည်တော်သည် လူဆိတ်ညံလျက်ရှိကာ၊ ယုဒပြည်သည် လည်းကြီးစွာသော ကျွန်ပြုခြင်းကိုခံနေကြရသည်။

ဗာဗုလုန်အုပ်စိုးချိန်အတွင်း ဤအဓိကဖြစ်ရပ်ကြီးသုံးခုကို စဉ်းစားသောအခါ၊ ဤကာလသည် ဘုရားသခင်၏လူမျိုးတော်အတွက် အလုံးစုံပျက်စီးခြင်းအချိန်ဖြစ်သည်ကို ကျွန်ုပ်တို့သတိရရမည်ဖြစ်သည်။ ဒါဝိဒ်၏သားတော်သည်ကျွန်ခံရ၍ ယေရုရှလင်ဗိမာန်တော် ဖျက်ဆီးခံရသည်။ ၎င်းသည် ဘုရားသခင့်လူမျိုးတော်၏သမိုင်းတွင် ဆိုးရွားသောအချိန်ဖြစ်ခဲ့သည်။

ကျွန်ုပ်တို့သည် ဗာဗုလုန်ခေတ်၏အဓိကဖြစ်ရပ်များကို တွေ့မြင်ရပြီးနောက်၊ ဓမ္မဟောင်းပရောဖက်များသည် ဤအချိန်ကာလများတွင် အမှုတော်ထမ်းဆောင်ခဲ့သောနည်းလမ်းများကို ယခုသုံးသပ်သင့်သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# ပရောဖက်ပြုချက်ဆိုင်ရာအမှုတော်

ဇာဗုလုန်၏အုပ်စိုးခြင်းသည် ဓမ္မဟောင်းပရောဖက်များစွာအတွက် သမိုင်းဆိုင်ရာအကြောင်းအရာကိုပေးသည်။ အမှန်တကယ်တွင်၊ ဤအချိန်ကာလတွင် ပရောဖက်ခုနစ်ဦးသည် ယေဟောဝါ၏တမန်တော်များအဖြစ်အမှုတော်ထမ်းဆောင်ခဲ့သည်_ ယေရမိ၊ ဇေဖနိ၊ ယောလ၊ ဩဗဒိ၊ ဟဗက္ကုတ်၊ ယေဇကျေလ၊ ဒံယေလတို့ဖြစ်သည်။

## ယေရမိ

ဇာဗုလုန်ခေတ်၏ ပထမဆုံးပရောဖက်မှာယေရမိဖြစ်သည်။ ယေရမိသည် တိုက်ခိုက်ကျူးကျော်သိမ်းပိုက်မှုနှင့် ဖမ်းဆီးခေါ်ဆောင်သွားခြင်း သုံးကြိမ်တစ်လျှောက်လုံးတွင် ဘုရားသခင်၏ပရောဖက်အဖြစ်ယုဒပြည်တွင်အမှုတော်ထမ်းဆောင်ခဲ့သည်။ ယေရမိ၏အမှုတော်ဆောင်ခြင်းကို ယေရမိ ၁:၂-၃ တွင်တွေ့ရသည်မှာ_

> ယုဒရှင်ဘုရင်ယောရှိသား ဇေဒကိမင်းနန်းစံဆယ်တနှစ်စေ့၍ ပဥ္စမလတွင်၊ ယေရုရှလင် မြို့သားတို့ကို သိမ်းသွားချုပ်ထားသည်တိုင်အောင် (ယေရမိ ၁း၂)။

ဤကျမ်းပိုဒ်တွင် ယေရမိသည် ဇာဗုလုန်တို့အနေဖြင့်အာရှုရိလူတို့ကိုအနိုင်မယူမီ ဘီစီ ၆၂၆ ခန့်ကပင်အမှုတော်ထမ်းဆောင်ခဲ့ကြောင်း၊ ဇာဗုလုန်၏ကျူးကျော်တိုက်ခိုက်မှုနှင့် ဖမ်းဆီးခေါ်ဆောင်သွားချိန် ၅၈၆ နောက်ပိုင်းထိတိုင်အောင် ထာဝရဘုရား၏သံတမန်အဖြစ် သူသည်ဆက်လက်ထမ်းဆောင်ခဲ့ကြောင်းကို ကျွန်ုပ်တို့တွေ့မြင်ရသည်။

ဇာဗုလုန်များ ပထမအကြိမ်တိုက်ခိုက်ကျူးကျော်ခြင်းမပြုမီ၊ တိုက်ခိုက်ကျူးကျော်မှုများကိုကြိုတင်ကာကွယ်ရန် စစ်မှန်သောနောင်တရရန် ယေရမိသည်တောင်းဆိုခဲ့သည်။ ဇာဗုလုန်၏တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားလာသည်နှင့်အမျှ၊ ယေရုရှလင်မြို့၏ပျက်စီးခြင်းသည် သေချာမှန်ကန်ကြောင်း ယေရမိသိရှိခဲ့သည်။ လူတို့အားနောင်တရရန်နှင့် နှစ်ပေါင်းများစွာကြုံတွေ့မည့်ခက်ခဲမှုများအတွက် ကြိုတင်ပြင်ဆင်ရန် သူဟောပြောခဲ့သည်။ သူသည် ဇာဗုလုန်၌ကျွန်ခံရခြင်းကို အာရုံစိုက်နေသော်လည်း၊ ဣသရေလလူမျိုးသည် အနာဂတ်တွင်ပြန်လည်တည်ဆောက်နိုင်မည်ဖြစ်ကြောင်းကိုလည်း ယေရမိအခိုင်အမာပြောခဲ့သည်။ ဥပမာ၊ သူ၏အနာဂတ္တိကျမ်းအခန်းကြီး ၃၀–၃၃ တွင်ယေရမိသည် ယုဒပြည်သူများအားဘုရားသခင်သည်သူတို့ကို ပြည်တော်သို့ ပြန်လည်ခေါ်ဆောင်လာပြီး၊ ပဋိညာဉ်တရားသစ်အရ ဘေးကင်းလုံခြုံမှုပေးမည်ဟု သတိပေးခဲ့သည်။

## ဇေဖနိ

ဇာဗုလုန်တို့အုပ်စိုးခြင်း၏ဒုတိယမြောက်ပရောဖက်မှာ ဇေဖနိဖြစ်သည်။ ဇေဖနိ ၁:၁ တွင်သူသည် ဘုရားသခင်၏ပရောဖက်အဖြစ်အမှုတော်ထမ်းဆောင်ကြောင်း အတိအလင်းဖော်ပြထားသည်။ သူသည် ယုဒရှင်ဘုရင်အာမုန်၏သား ယောရှိမင်းလက်ထက်တွင် အမှုတော်ထမ်းဆောင်ခဲ့သည်။ ယောရှိသည် ဘီစီ ၆၄၀ ခန့်မှ ဘီစီ ၆၀၉ အထိယုဒပြည်ကို အုပ်စိုးခဲ့ပြီး၊ ၎င်းကြောင့်ဇေဖနိသည် ယေရမိ၏

အစောပိုင်းဓမ္မအမှုတော်တွင် ခေတ်ပြိုင်ဖြစ်လာသည်။ ၂:၁၃-၁၅ တွင် ဇေဖနိသည် ဗာဗုလုန်တို့ကဲ့သို့ နိနေဝေ ကျဆုံးလိမ့်မည်ဟု ကြိုတင်ဟောပြောခဲ့သည်။ အမှန်တကယ်တွင်၊ သခင်ဘုရား၏နေ့ရက်သည် ဘုရားသခင်၏လူတို့အားညှဉ်းဆဲသော အာရှုရိနှင့် အခြားလူမျိုးများအပေါ် ကျရောက်လိမ့်မည်ဟု ဇေဖနိသည်ကြိုတင်ဟောပြောခဲ့သည်။ ယုဒအပါအဝင် ဒေသတစ်ခုလုံးအပေါ် ဗာဗုလုန်တို့၏လွှမ်းမိုးခြင်းကို သူမျှော်လင့်ခဲ့သည်။ သို့သော်ငြားလည်း၊ ဇေဖနိသည် ဣသရေလနှင့် ယုဒပြည်သည် ကောင်းစားခြင်းရှိမည့်နေ့ ပြန်လည်ရောက်လာလိမ့်မည်ဟုလည်း ကြွေးကြော်ခဲ့သည်။ ၃:၂၀ တွင်သူပြောသည်မှာ_

> ထိုကာလ၌သင်တို့ကို တဖန် ငါဆောင်ခဲ့၍စုဝေးစေသဖြင့်၊ သိမ်းသွားခြင်းကို ခံရသောသူတို့ကို သင်တို့မျက်မှောက်၌တဖန်ဆောင်ခဲ့ပြန်သောအခါ၊ မြေကြီးသားအမျိုးမျိုးတို့တွင် ချီးမွမ်းခြင်းဂုဏ်အသရေကို သင်တို့အား ပေးမည်ဟု၊ ထာဝရဘုရားမိန့်တော်မူ၏ (ဇေဖနိ ၃:၂၀)။

## ယောလ

ဗာဗုလုန်အုပ်စိုးချိန်အတွင်းထွက်ပေါ်လာသော တတိယမြောက်ပရောဖက်မှာ ယောလဖြစ်သည်။ သူ၏အနာဂတ္တိကျမ်းသည် သူ၏ဓမ္မအမှုတော်နှင့်ပတ်သက်သည့်အချိန်အတိအကျကို မဖော်ပြသောကြောင့်၊ ယောလ၏အမှုတော်ဆောင်သည့် ရက်စွဲနှင့်ပတ်သက်၍ ကျွန်ုပ်တို့သည်တရားသေသတ်မှတ်၍မရနိုင်ပါ။ အချို့သောအနက်ပြန်သူများက ယောလကိုအစောပိုင်းတွင် သတ်မှတ်ကြပြီး၊ အချို့ကသူ့ကို နောက်ပိုင်းတွင်မှတ်ယူထားကြသည်။ ၁:၁၃ နှင့် အခြားအကိုးအကားများစွာအရ၊ ယောလဟောပြောသည့်အတိုင်း ဗိမာန်တော်နှင့် ယဇ်ပုရောဟိတ်လုပ်ငန်းသည် လုပ်ဆောင်နေပြီဖြစ်ကြောင်း ကျွန်ုပ်တို့သိနိုင်ပါသည်။ ဇိအုန်သည်ဖျက်ဆီးခြင်းခံရမည့်အကြောင်းကို ၂:၁ တွင် ယောလမိန့်တော်မူခဲ့သည်။ ထို့ကြောင့် ယုဒလူများကို ဗာဗုလုန်သို့ဖမ်းဆီးခေါ်ဆောင်သွားချိန်၌ ယောလသည် အမှုတော်ထမ်းဆောင်ခဲ့ခြင်းဖြစ်နိုင်ပါသည်။ သူ၏သတင်းစကားသည် ရိုးရှင်းသည်—ယုဒပြည်သည် တိုင်းတစ်ပါးစစ်တပ်များ၏ဖျက်ဆီးခြင်းကို ခံရတော့မည်ဖြစ်သည်။ အခန်းကြီး ၂ တွင်၊ စစ်မှန်သည့်နောင်တရခြင်းသည် ဗာဗုလုန်၏ဖျက်စီးခြင်းကိုတားဆီးနိုင်သည်သို့မဟုတ် ပျော့ပျောင်းသွားစေနိုင်သည်ကို မျှော်လင့်ကာယောလသည်နောင်တရရန် တောင်းဆိုခဲ့သည်။ ဖျက်ဆီးခြင်းခံရတော့မည်ဟု နိဂုံးချုပ်ပြောဆိုပြီးနောက်၊ ယောလသည်ဘုရားသခင်၏ကောင်းချီးမင်္ဂလာနှင့်ပတ်သက်၍လည်း လုံးဝမေ့မထားခဲ့ပေ။ ကျွန်ခံရပြီးသည်နှင့်တစ်ပြိုင်နက်၊ ဘုရားသခင်သည် သူ၏လူများကို မကျော်လွန်သေးသည့် ပဋိညာဉ်ကောင်းချီးမင်္ဂလာပေးသည့်အချိန်သို့ ပြန်လည်ရောက်ရှိစေမည်ဖြစ်ကြောင်း သူ၏စာဖတ်သူများကို အာမခံခဲ့သည်။ ယောလ ၃:၂၀-၂၁ တွင် သူပြောသည့်အတိုင်း_

> ယုဒပြည်မူကား၊ ထာဝရပြည်၊ ယေရုရှလင်မြို့မူကား၊ ကာလအစဉ်အဆက်တည်သောမြို့ဖြစ်လိမ့်မည်။ ထိုမြို့သားတို့သည် အသေသတ်ခြင်းကို ခံရသောအပြစ်ကြောင့်၊ ငါသည်မပေးသေးသောဒဏ်ကိုတဖန်ပေးဦးမည်။ ထာဝရဘုရားသည် ဇိအုန်တောင်ပေါ်မှာကျိန်းဝပ်တော်မူသတည်း (ယောလ ၃:၂၀-၂၁)။

## ဩဗဒိ

ဗာဗုလုန်အုပ်စိုးချိန်အတွင်း၏ စတုတ္ထမြောက်ပရောဖက်မှာ ဩဗဒိဖြစ်သည်။ သူ၏အနာဂတ္တိကျမ်းသည် ရက်စွဲအတိအကျမရှိသော်လည်း၊ ယုဒလူမျိုးများ၏ကြောက်မက်ဖွယ်ဆင်းရဲဒုက္ခကို ဧဒုံလူမျိုးတို့သည် မည်သို့အသုံးချပုံအကြောင်း အလေးပေးဖော်ပြထားသည်။ ဖြစ်နိုင်ခြေများမှာ၊ ဘီစီ ၅၉၇ မှ ၅၈၆ နှစ်များအတွင်း ဗာဗုလုန်သည် ယုဒပြည်ကိုနှိပ်စက်ခဲ့သည့် တိုက်ခိုက်ကျူးကျော်မှုများနှင့် ဖမ်းဆီးခေါ်ဆောင်သွားခြင်းများအတွင်း ယုဒလူမျိုးများထံရောက်ရှိလာသည့် ဒုက္ခပြဿနာများကို ဩဗဒိသတိရနေခဲ့သည်။ ဧဒုံလူတို့၏ရက်စက်ကြမ်းကြုတ်မှုများကို ယေဟောဝါလျစ်လျူမရှုကြောင်း ဩဗဒိမိန့်တော်မူခဲ့သည်။ ဧဒုံပြည် ပျက်စီးလိမ့်မည်။ အမှန်တကယ်တွင်၊ တစ်နေ့တွင်ကျွန်ခံရသောယုဒများသည် ပြန်လာ၍ ဧဒုံပြည်ကိုသိမ်းယူကြလိမ့်မည်ဟု သူမိန့်တော်မူခဲ့သည်။ ဩဗဒိသည်သူ၏ကျမ်း အခန်းငယ် ၁၅ ၌ပြောခဲ့သည်မှာ_

> အကြောင်းမူကား၊ ထာဝရဘုရား၏နေ့ရက်သည် ခပ်သိမ်းသောလူမျိုးတို့နှင့်နီးပြီ။ သင်ပြုသည်အတိုင်း သင်၌သူတပါးပြုလိမ့်မည်။ သင်ပြုသောအမှုသည် သင့်ခေါင်းပေါ်သို့ ရောက်ရလိမ့်မည် (ဩဗဒိ ၁၅)။

ဩဗဒိက ယုဒ၏ကျွန်ခံခြင်းပြီးဆုံးသည့်နောက်တွင်၊ ဘုရားသခင်သည် မိမိလူမျိုးကို နှိပ်စက်ညှဉ်းပန်းသည့်အတွက် တိုင်းနိုင်ငံများကိုအပြစ်ပေးမည်ဟု ကြွေးကြော်ခဲ့သည်။

## ဟဗက္ကုတ်

ဗာဗုလုန်အုပ်စိုးချိန်အတွင်း အမှုတော်ထမ်းဆောင်ခဲ့သော ပဉ္စမမြောက်ပရောဖက်မှာ ဟဗက္ကုတ်ဖြစ်သည်။ တစ်ဖန်၊ သူသည် မည်သည့်အချိန်၌အမှုဆောင်ခဲ့သည်ကို အတိအကျမသိရသော်လည်း၊ သူ၏အနာဂတ္တိကျမ်းတွင်တွေ့ရသောအကြောင်းအရာသည် ကျွန်ုပ်တို့အား လမ်းညွှန်မှုအချို့ကို ပေးပါသည်။ ဟဗက္ကုတ်၏ပထမအခန်းတွင်၊ ယုဒပြည်မှဘုရားမဲ့မင်းများကို ဖျက်ဆီးခြင်းငှာ ပရောဖက်သည် ဆုတောင်းခဲ့သည်။ ဘုရားသခင်၏တုံ့ပြန်မှုကို ၁:၆ တွင် တွေ့ရှိရသည်။ ထာဝရဘုရားမိန့်တော်မူသည်ကား_

> ပြင်းထန်လျင်မြန်သော ခါလဒဲအမျိုးကို ငါနှိုးဆော်၏။ ကိုယ်မပိုင်သောနေရာအရပ်တို့ကို သိမ်းယူခြင်းငှါ မြေတပြင်လုံး၌ ချီသွားကြလိမ့်မည် (ဟဗက္ကုတ် ၁:၆)။

ဤကျမ်းပိုဒ်အရ၊ ဟဗက္ကုတ်သည် ဘီစီ ၆၀၅ တွင် ပထမအကြိမ်ဗာဗုလုန်၏တိုက်ခိုက်ကျူးကျော်မှုနှင့် ဖမ်းဆီးခေါ်ဆောင်သွားခြင်းဝန်းကျင်တွင် အမှုတော်ထမ်းဆောင်ခဲ့ပုံရသည်။

ဟဗက္ကုတ်သည် ယုဒလူတို့၏ဒုစရိုက်ကို ရှေးဦးစွာမြည်တမ်းပြီးမှ၊ ဗာဗုလုန်လူမျိုးတို့၏ညှဉ်းပန်းနှိပ်စက်မှုကို မြည်တမ်းခဲ့သည်၊ သို့သော် သူ၏အနာဂတ္တိကျမ်းအဆုံးတွင်၊ ဟဗက္ကုတ်သည် ဗာဗုလုန်လူမျိုးများကိုဖျက်ဆီးရန် ဘုရားသခင်သည် အချိန်မည်မျှကြာအောင် အချိန်ယူစေကာမူ၊ ထာဝရဘုရားကို



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ယုံကြည်ကိုးစားကြောင်း အခိုင်အမာပြောခဲ့သည်။ ၃:၁၇-၁၈ တွင်၊ ကျွန်ုပ်တို့သည် ထိုထင်ရှားသော ယုံကြည်ခြင်းဆိုင်ရာနုတ်ကပတ်တော်များကို ဖတ်ရသည်_

> သင်္ဘောသဖန်းပင်မပွင့်ရ၊ စပျစ်ပင်မသီးရ၊ သံလွင်ပင်၏ကျေးဇူးကို မြော်လင့်၍မခံရ၊ လယ်တို့သည်အသီးအနှံကိုမပေးရ၊ သိုးခြံ၌သိုးကုန်၍ တင်းကုပ်၌နွားမရှိရ။ သို့သော်လည်း၊ ထာဝရဘုရား၌ငါဝမ်းမြောက်၍၊ ငါ့ကိုကယ်တင်တော်မူသော ဘုရားသခင်ကိုအမှီပြုလျက် ရွှင်လန်းမည် (ဟဗက္ကုတ် ၃:၁၇-၁၈)။

## ယေဇကျေလ

ဗာဗုလုန်ခေတ်တွင် အမှုတော်ထမ်းဆောင်သည့် ဆဋ္ဌမမြောက်ပရောဖက်မှာ ယေဇကျေလဖြစ်သည်။ ယေဇကျေလ၏ အခန်းကြီး ၁ အခန်းငယ် ၂ သည်ဘီစီ ၅၉၇ တွင် ပရောဖက်အားဗာဗုလုန်သို့ ဖမ်းဆီးခေါ်ဆောင်သွားကြောင်း ဖော်ပြသည်။ သူသည် ဗာဗုလုန်၌ကျွန်ခံရသူများကြားတွင် အမှုတော်ထမ်းဆောင်ခဲ့ပြီး၊ ကျမ်း၏ကျန်အစိတ်အပိုင်းများတွင် ရှင်းလင်းစွာဖော်ပြထားသည်နှင့်အညီ၊ ယေဇကျေလသည် ဘီစီ ၅၈၆ တွင် ယေရုရှလင်မြို့၏ကြီးစွာသောပျက်စီးခြင်း၌ပင် အမှုတော်ထမ်းဆောင်ခဲ့သည်။ ထို့ကြောင့် ယေဇကျေလသည် ဘီစီ ၅၉၇ ခုနှစ်ဝန်းကျင်မှစ၍ ယေရုရှလင်မြို့ပျက်စီးချိန် ၅၈၆ တိုင်အမှုတော်ထမ်းဆောင်ခဲ့သည်။ ဗာဗုလုန်လူမျိုးတို့သည် ယေရုရှလင်မြို့နှင့် ၎င်း၏ဗိမာန်တော်အားလာရောက်ဖျက်ဆီးမည့်အကြောင်း ယေဇကျေလသည်အစောပိုင်းသူ၏ဓမ္မအမှုတော်ကာလများတွင်ကြွေးကြော်ခဲ့သည်။ ၎င်းအပြင်၊ ယေဇကျေလအနာဂတ္တိကျမ်း၏အများစုသည် လူတို့အနေဖြင့် တိုင်းပြည်သို့ မည်ကဲ့သို့ပြန်လာကြမည်နှင့် ပြန်လာသောအခါဗိမာန်တော်ကို မည်ကဲ့သို့ပြန်လည်တည်ဆောက်မည်ကို အလေးပေးဖော်ပြထားသည်။ ၄၈:၃၅ တွင်မြို့နှင့် ဗိမာန်တော်သည် မယုံနိုင်လောက်အောင်ကြီးကျယ်ခမ်းနားမည်ကိုဖော်ပြပြီးနောက် သူ၏အနာဂတ္တိကျမ်းကို အဆုံးသတ်ထားသည်။

> တည်သောနေ့မှစ၍ ထိုမြို့ကို_ ယေဟောဝါရှမ္မအမည်ဖြင့် ခေါ်တွင်ရလိမ့်သတည်း (ယေဇကျေလ ၄၈:၃၅)။

## ဒံယေလ

ဗာဗုလုန်အုပ်စိုးချိန်အတွင်း အမှုတော်ထမ်းဆောင်သည့် သတ္တမမြောက်ပရောဖက်မှာ ဒံယေလဖြစ်သည်။ ဘီစီ ၆၀၅ တွင် ဒံယေလသည် ဗာဗုလုန်သို့ ဖမ်းဆီးခေါ်ဆောင်သွားခြင်းခံရသည်။ ဒံယေလ၏ဓမ္မအမှုတော်သည် အနည်းဆုံး ဘီစီ ၆၀၅ မှ ၅၃၉ အထိကြာမြင့်ကြောင်း သူ၏ကျမ်းပါဖြစ်ရပ်များနှင့် ကိုးကားချက်များက ရှင်းလင်းစွာဖော်ပြသည်။ ဒံယေလသည် အိပ်မက်များကို အဓိပ္ပာယ်ဖွင့်ဆိုခဲ့ပြီး ယုဒပြည်၏ကျွန်ခံရခြင်းသည် ကာလကြာရှည်မည်ဖြစ်ကြောင်း ရှင်းလင်းစွာ သိသာထင်ရှားစေသည့် သူ၏ကိုယ်ပိုင် ရူပါရုံများစွာရှိသည်။ ၉:၁၃ တွင်ပြောထားသည့်အတိုင်း၊ ဘုရားသခင်၏လူတို့သည်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ကျွန်ခံရသည့်အချိန်၌ပင် ၎င်းတို့၏အပြစ်များကို နောင်တရခြင်းမရှိကြောင်းကို သူသဘောပေါက်ခဲ့သည်။

> မောရှေ၏ပညတ်တိကျမ်းစာ၌ မှတ်သားသည်အတိုင်း၊ ဤဘေးဥပဒ်ရှိသမျှသည် အကျွန်ုပ်တို့အပေါ်မှာရောက်ပါပြီ။ အကျွန်ုပ်တို့သည် ဒုစရိုက်များကိုရှောင်၍ သမ္မာတရားတော်ကိုနားလည်ခြင်းအလို့ငှါ၊ အကျွန်ုပ်တို့ ဘုရားသခင် ထာဝရဘုရားထံတော်၌မတောင်းပန်ဘဲ နေကြပါပြီတကား (ဒံယေလ ၉:၁၃)။

ရလဒ်အနေနှင့်၊ ဘုရားသခင့်လူမျိုး၏ကျွန်ခံရမှုသည် တိုင်းနိုင်ငံလေးခုတိုင်ကျယ်ပြန့်လာမည်ကို ဒံယေလသိရှိခဲ့သည်–ဗာဗုလုန်လူမျိုးများ၊ မေဒီနှင့် ပါရှန်လူမျိုးများ၊ ဂရိလူမျိုးများနှင့် စတုတ္ထမြောက်အမည်မဖော်လိုသောလူမျိုးမှာ ယခုကျွန်ုပ်တို့သိသောရောမအင်ပါယာဖြစ်သည်။ ဒံယေလသည် ကျွန်ခံရသူများကြားတွင် နောင်တရခြင်းနှင့် ယုံကြည်ခြင်းရှိရန်တိုက်တွန်းအားပေးခဲ့ပြီး၊ ဆက်၍ပုန်ကန်ခြင်းသည် တိုင်းပြည်နှင့်ဝေးကွာခြင်းကိုသာ ရှည်ကြာစေလိမ့်မည်ဟု သတိပေးခဲ့သည်။

၎င်းသည် ဗာဗုလုန်အုပ်စိုးခြင်းကို အလေးပေးဖော်ပြရန် အလွန်ခက်ခဲပေလိမ့်မည်။ ဤကာလသည် ဘုရားသခင်၏လူတို့သည် ၎င်းတို့၏ အဆိုးဆုံးသောရှုံးနိမ့်မှုကို ခံစားခဲ့ရသည့်အချိန်၊ ဘုရားသခင်၏လူတို့သည် ယုဒပြည်မှ နှင်ထုတ်ခြင်းခံရသည့်အချိန်၊ ဒါဝိဒ်၏သားတော်သည် ရာဇပလ္လင်မှနှင်ထုတ်ခြင်းခံရသည့်အချိန်၊ ဂျေရုဆလင်မြို့လည်းပျက်စီးကာ ဘုရားသခင့်ဗိမာန်တော်သည်ပင်လျှင် ပျက်စီးသွားသည့်အချိန်ဖြစ်သည်။ ဤသည်မှာ ဓမ္မဟောင်းကျမ်းတွင် ဘုရားသခင်၏လူတို့၌ဖြစ်သည့် အဆိုးရွားဆုံးသောအမှုဖြစ်သည်။ ထိုကာလတွင်၊ ပရောဖက်များသည် သတိပေးခြင်းနှင့် တရားစီရင်ခြင်းဆိုင်ရာနှုတ်ကပတ်တော်များစွာကို ပြောခဲ့ကြသော်လည်း၊ တစ်နေ့တွင် ထာဝရဘုရားသည် မိမိလူတို့ကို ယေရုရှလင်မြို့နှင့် ယုဒပြည်သို့ တဖန်ပြန်လည်ပို့ဆောင်ပေးတော်မူမည်ဟူသော မျှော်လင့်ချက်ကိုလည်း ပေးကြသည်။

ပရောဖက်များ၏ သမိုင်းဆိုင်ရာခွဲခြမ်းစိတ်ဖြာခြင်းနှင့်ပတ်သက်၍ ဤသင်ခန်းစာတွင်၊ အဓိကဖြစ်ရပ်များနှင့် ပရောဖက်ပြုချက်ဆိုင်ရာအမှုတော်များကို ကာလသုံးပိုင်းအတွင်း မြင်တွေ့ခဲ့ရသည်။ ယခု ကျွန်ုပ်တို့သည် ဓမ္မဟောင်းပရောဖက်ပြုချက်၏ နောက်ဆုံးကာလ၊ ပြန်လည်တည်ဆောက်ခြင်းကာလသို့ ရောက်လာပြီဖြစ်သည်။

# ပြန်လည်တည်ဆောက်ခြင်းကာလ

ကျွန်ုပ်တို့တွေ့မြင်ခဲ့ရသည့်အတိုင်း၊ အစောပိုင်းဘုရင်စနစ်ခေတ်သည် သမ္မာကျမ်းစာကျမ်းရေးသူ့ပရောဖက်များ၏ နောက်ခံကိုဖော်ပြပေးသည်။ အာရှုရိတို့အုပ်စိုးချိန်ကာလအတွင်း များစွာသောပရောဖက်တို့သည် အမှုတော်ထမ်းဆောင်ခဲ့ကြပြီး၊ ဗာဗုလုန်အုပ်စိုးချိန်တွင် ပို၍များစွာ ဘုရားသခင်ကိုအစေခံခဲ့ကြသည်။ ဣသရေလလူမျိုးအချို့သည် ဗာဗုလုန်တွင်ကျွန်ခံရခြင်းမှ ယုဒပြည်သို့ပြန်လာသည့်

အခါ ဘုရားသခင့်လူမျိုးအတွက် အမှုတော်ဆောင်ခဲ့သော ပရောဖက်များကို ယခုလေ့လာကြပါမည်။ ဤပြန်လည်တည်ဆောက်ခြင်းကာလနှင့်ပတ်သက်၍ ဘီစီ ၅၃၉ မှ ဘီစီ ၄၀၀ ခန့်ကာလအထိဖြစ်သည် ဟုပြောနိုင်ပါသည်။ ထိုအချိန်ကာလ၏အဓိကဖြစ်ရပ်များကို ဦးစွာအာရုံစိုက်ပြီးနောက်၊ ပရောဖက်ပြုချက်ဆိုင်ရာအမှုတော်များကို အာရုံစိုက်ခြင်းဖြင့် ဤကာလကို ကျွန်ုပ်တို့၏ထုံးစံအတိုင်းလေ့လာပါမည်။ ပြန်လည်တည်ဆောက်ခြင်းကာလ၏အဓိကဖြစ်ရပ်များကို ဦးစွာကြည့်ကြပါစို့။

# အဓိကဖြစ်ရပ်များ

ပထမဦးစွာ ကျွန်ုပ်တို့သုံးသပ်သင့်သည်မှာ ဣသရေလလူမျိုးများ ပြည်တော်ပြန်ခြင်းပင်ဖြစ်သည်။

## ဣသရေလလူမျိုးများ ပြည်တော်ပြန်ခြင်း

ဘီစီ ၅၃၉ နှင့် ၅၃၈ တွင်ဘုရားသခင်သည် သူ၏ကျွန်ခံနေရသည့်လူများအတွက် အံ့ဖွယ်အမှုတစ်ခုကို ပြုလုပ်ခဲ့သည်။ ဟေရှာယကျမ်းရှိပရောဖက်ပြုချက်များ ပြည့်စုံသောအခါ၊ ပါရှန်းဧကရာဇ်ကုရုသည် ဗာဗုလုန်အင်ပါယာကိုသိမ်းပိုက်ပြီးနောက် ဣသရေလလူမျိုးအား ၎င်းတို့၏တိုင်းပြည်သို့ ပြန်ကာ ယေဟောဝါ၏ဗိမာန်တော်ကိုပြန်လည်တည်ဆောက်ရန် တိုက်တွန်းခဲ့သည်။ ဤကျွန်ခံနေရသည့်လူများ၏ကနဦးပြန်လည်တည်ဆောက်ခြင်းသည် ဒါဝိဒ်၏ရာဇပလ္လင်၏တော်ဝင်အမွေဆက်ခံသူ ဇေရုဗဗေလဖြစ်သည်ဟု လူအများယူဆကြသည့် ရှေရှဗာဇာ၏ဦးဆောင်မှုအောက်တွင် ဖြစ်ပွားခဲ့သည်။ သို့ရာတွင် ကျွန်ခံခြင်းမှပြန်လာသောသူများသည် အရေအတွက်အားဖြင့် အနည်းငယ်မျှသာရှိပြီး၊ သူတို့သည် ထာဝရဘုရား၏အလိုတော်ကိုဆောင်ရွက်ရန် ခိုင်မာတည်ကြည်ခြင်း မရှိကြပါ။

## ဗိမာန်တော်ကို ပြန်လည်တည်ဆောက်ခြင်း

ယခု၊ ဤအချက်သည် ဗိမာန်တော်ပြန်လည်တည်ဆောက်သည့် ဘီစီ ၅၂၀ မှ ၅၁၅ ပြန်လည်ထူထောင်ရေးကာလအတွင်းမှ ဒုတိယအဓိကဖြစ်ရပ်ကို ကျွန်ုပ်တို့ထံယူဆောင်လာသည်။ တိုင်းပြည်သို့ ဦးဆုံးပြန်လာသည့် ဣသရေလများသည် ဗိမာန်တော်ကို ပြန်လည်တည်ဆောက်ခြင်းအား လျစ်လျူရှုထားကြသည်။ လုပ်ငန်းကိုစတင်ခဲ့ကြသော်လည်း၊ များမကြာမီမှာပင် ၎င်းတို့၏အတွင်း၌ လိုအပ်ချက်များရှိခြင်းကြောင့် တည်ဆောက်မှုကို ရပ်တန့်ခဲ့သည်။ ဘုရားသခင်၏လူတို့သည် ဗိမာန်တော်ကိုပြန်လည်တည်ဆောက်ရန် တာဝန်ပျက်ကွက်သောကြောင့်၊ ပရောဖက်ဟဂ္ဂဲနှင့်ဇာခရိတို့သည် ဘီစီ ၅၂၀ ခန့်တွင် ယေရုရှလင်မြို့၏လမ်းများပေါ်သို့ထွက်၍ ဘုရားသခင်၏ဗိမာန်တော်ကို ပြန်လည်တည်ဆောက်ရန်လူများကို တိုက်တွန်းနှိုးဆော်ခဲ့သည်။ အစပိုင်းတွင် အကောင်းမြင်ဝါဒနှင့် မျှော်လင့်ချက်ကြီးကြီးမားမားရှိခဲ့သော်လည်း ထိုအကောင်းမြင်မှုသည် ကြာရှည်မခံခဲ့ပေ။

## အယူဝါဒဖောက်ပြန်မှု ပျံ့နှံ့ခြင်း

ပြန်လည်တည်ဆောက်ခြင်းကာလ၏ တတိယမြောက်ဖြစ်ရပ်ကြီးမှာ အယူဝါဒဖောက်ပြန်မှု ပျံ့နှံ့ခြင်းဖြစ်သည်။ ယခု၊ ဤအယူဝါဒဖောက်ပြန်မှုသည် ဗိမာန်တော်ကို ကနဦးပြန်လည်တည်ဆောက်ပြီးနောက်၊ အထူးသဖြင့်ဇေရုနှင့် နေဟမိ၏အမှုဆောင်ကာလများအတွင်း ကြီးထွားလာသည်။ ပညာရှင်များသည် ဤကာလ၏တိကျသောရက်စွဲများနှင့်ပတ်သက်၍ ငြင်းခုံကြသောကြောင့်၊ ကျွန်ုပ်တို့သည် ဘီစီ ၄၅၀ မှ ၄၀၀ ဝန်းကျင်အတွင်းဖြစ်နိုင်ချေများကို သတ်မှတ်သင့်သည်။ ဇေရုဗဗေလသည် ဗိမာန်တော်ကိုပြန်လည်တည်ဆောက်ပြီးနောက် မျိုးဆက်တစ်ဆက်အတွင်းတွင် ဘုရားသခင်၏လူတို့သည် တိုင်းတစ်ပါးအမျိုးသမီးများနှင့် ထိမ်းမြားလက်ထပ်ခဲ့ကြသည်၊ ရလဒ်အနေဖြင့် ဣသရေလလူမျိုး၏ ဘာသာတရားသည် အခြားလူမျိုးများ၏ဘာသာတရားများနှင့် ရောနှောသွားခဲ့သည်။ ပြန်လည်တည်ဆောက်ခြင်းကာလကို ရပ်တန့်သွားစေသည်။ ယခုအခါ ဇေရုနှင့် နေဟမိတို့သည် ကာလအတန်လုပ်ဆောင်ခဲ့ကြသောကြောင့် ပြုပြင်ပြောင်းလဲမှုအနည်းငယ်ရှိခဲ့သော်လည်း၊ ၎င်းသည် ထိုပြုပြင်ပြောင်းလဲမှုများမအောင်မြင်မီ အချိန်ခဏသာဖြစ်ပါသည်။ ပြန်လည်တည်ဆောက်ခြင်းကာလသည် ကြီးစွာသောအယူဝါဒဖောက်ပြန်မှုကာလ ဖြစ်လာခဲ့သည်။

ယခုကျွန်ုပ်တို့သည် ပြန်လည်တည်ဆောက်ခြင်းကာလနှင့်ပတ်သက်ပြီး ဒုတိယမြောက်အလေးထားမှုကို ဆက်လက်လေ့လာမည်ဖြစ်သည်။ ဤအဖြစ်အပျက်များသည် ဤကာလ၌အမှုတော်ထမ်းဆောင်ခဲ့ကြသော ပရောဖက်များကို မည်သို့လွှမ်းမိုးခဲ့သနည်း။

## ပရောဖက်ပြုချက်ဆိုင်ရာအမှုတော်

ပရောဖက်ပြုချက်ဆိုင်ရာ ထင်ရှားသောသူသုံးဦးမှာ ဟဂ္ဂဲ၊ ဇာခရိနှင့် မာလခိဖြစ်သည်။ ဟဂ္ဂဲ၏အမှုတော်ကို ဦးစွာသုံးသပ်ကြပါစို့။

### ဟဂ္ဂဲ

ပရောဖက်ဟဂ္ဂဲသည် ပြည်တော်သို့ပြန်သွားသူများတွင်ပါဝင်ကြောင်း ဟဂ္ဂဲအနာဂတ္တိကျမ်းသည် ရှင်းလင်းစွာဖော်ပြထားသည်။ ရလဒ်အနေနှင့်၊ သူသည်ယေရုရှလင်မြို့၌ အမှုဆောင်ခဲ့သည်။ ထို့အပြင် မည်သည့်အချိန်၌ဟဂ္ဂဲအမှုဆောင်ခဲ့သည်ကိုလည်း ကျွန်ုပ်တို့ အတိအကျသိပါသည်။ ဟဂ္ဂဲ ၁:၁ တွင်ဘုရားသခင်သည် ဆဌမလတရက်နေ့ တွင်၊ ပရောဖက်ဟဂ္ဂဲအားဖြင့် ယုဒမြို့ဝန်ဇေရုဗဗေလအား မိန့်တော်မူကြောင်းကို ကျွန်ုပ်တို့ဖတ်ရသည်။ ဤကျမ်းချက်နှင့် ဟဂ္ဂဲအနာဂတ္တိကျမ်းပါအခြားကျမ်းပိုဒ်များအားဖြင့်၊ ဟဂ္ဂဲ၏ပရောဖက်ပြုချက်အားလုံးကို ဘီစီ ၅၂၀ လေးလတာကာလအတွင်းပေးခဲ့ကြောင်း ကျွန်ုပ်တို့ သိရှိရသည်။

ဟဂ္ဂဲ၏အခြေခံသတင်းစကားသည် အဘယ်နည်း။ ဟဂ္ဂဲသည် ဗိမာန်တော်ကို ပြန်လည်တည်ဆောက်ရန် တုန့်လှုပ်ခြောက်ခြားနေသော ယုဒလူတို့ကိုလှုံ့ဆော်ရန် စိတ်ပိုင်းဖြတ်ခဲ့သည်။ အမှန်တကယ်တွင်၊ ဟဂ္ဂဲသည် သူနှင့်လူတို့သည် ၎င်းတို့၏အပြစ်များကိုနောင်တရကြမည်ဆိုပါက၊ ဇေရုဗဗေလထံ

ကြီးစွာသောအောင်ပွဲများနှင့် ကောင်းချီးမင်္ဂလာများ ရောက်ရှိလာမည်ဟု ကြိုတင်ဟောပြောခဲ့သည်။ ၂:၂၁ တွင်ဖော်ပြထားသည့်အတိုင်း_

> သင်သည် ယုဒမြို့ဝန်၊ ဇေရုဗဗေလကိုဆင့်ဆိုရမည်မှာ၊ ငါသည် ကောင်းကင်နှင့်မြေကြီးကို လှုပ်မည် (ဟဂ္ဂဲ ၂:၂၁)။

လူမျိုးအနေဖြင့် သခင်ဘုရားထံစစ်မှန်သောနှလုံးသားဖြင့်ပြန်လာ၍ ကိုယ်တော်၏ဗိမာန်တော်ကို ပြန်လည်တည်ဆောက်မည်ဆိုပါက၊ ဟဂ္ဂဲသည် လူတို့အားဘုရားသခင်၏ ကြွယ်ဝသောကောင်းချီး မင်္ဂလာများကို ကမ်းလှမ်းပေးခဲ့သည်။

## ဇာခရိ

ပြန်လည်တည်ဆောက်ခြင်းကာလ၏ ဒုတိယပရောဖက်မှာ ဇာခရိဖြစ်သည်။ ဇာခရိ၏ပရောဖက် ပြုချက်များဆိုင်ရာ အကြောင်းအရာအားဖြင့်၊ သူသည် ဟဂ္ဂဲနှင့်အတူယေရုရှလင်မြို့၌ အမှုတော်ထမ်း ဆောင်ခဲ့ကြောင်း ကျွန်ုပ်တို့သိရှိရသည်။ အခန်းကြီး ၁ အခန်းငယ် ၁ တွင်ဟဂ္ဂဲသည် ဒါရိမင်းကြီးနန်းစံ နှစ်နှစ် အဋ္ဌမလ၊ တစ်နည်းအားဖြင့် ဘီစီ ၅၂၀ တွင်အမှုတော်စတင်ထမ်းဆောင်ခဲ့သည်ဟု ဆိုသည်။ ဇာခရိ၏အခန်းကြီး ၉-၁၄ ပါအကြောင်းအရာအရ၊ ဗိမာန်တော်ကို ပြန်လည်တည်ဆောက်ရုံမျှဖြင့် ဘုရား သခင်ထံမှကောင်းချီးမင်္ဂလာများရရှိရန် မလုံလောက်ကြောင်း ရှင်းလင်းစွာသိရှိပြီးနောက်၊ ဇာခရိသည် သူ၏ဓမ္မအမှုတော်ကို ဆက်လက်လုပ်ဆောင်ခဲ့ကြောင်း အနက်ပြန်သူများက ယုံကြည်ကြသည်။ သူ၏ အစောပိုင်းဓမ္မအမှုတော်တွင်၊ ဇာခရိအနာဂတ္တိကျမ်း၏ပထမအခန်းကြီးရှစ်ခန်းတွင် အကျဉ်းချုပ်ဖော်ပြ ထားသော၊ ပရောဖက်၏သတင်းစကားသည် အလွန်ရိုးရှင်းပါသည်_ လူများသည် ဗိမာန်တော်ကို ပြန်လည်တည်ဆောက်မည်ဆိုပါက ကြီးစွာသောကောင်းချီးမင်္ဂလာများရရှိလိမ့်မည်။ ထို့အပြင် အခန်း ကြီး ၉–၁၄ တွင်၊ အလုံးစုံပြန်လည်တည်ဆောက်ခြင်းသည် ကပ်ဘေး၊ အနာဂတ်၊ ဘုရား၏ ဝင်ရောက် စွက်ဖက်မှုဖြင့်သာ ရောက်ရှိလာမည်ဟု ဇာခရိသည်ကြိုတင်ဟောပြောခဲ့သည်။ အနာဂတ်တွင် ဘုရားသ ခင်သည် ကြားဝင်ဆောင်ရွက်ပြီး မိမိ၏လူမျိုးတော်အားအောင်ပွဲနှင့် ဖြောင့်မတ်ခြင်းတို့ကို ဆောင်ကြဉ်း ပေးမည့် ကြီးမားသောအဖြစ်အပျက်များဆိုင်ရာ ရူပါရုံများပရောဖက်တွင် ရှိခဲ့သည်။ ၁၄:၂၀ တွင် သူပြောခဲ့သည့်အတိုင်း_

> ထိုနေ့ရက်ကာလတွင် ထာဝရဘုရားအားသန့်ရှင်းခြင်းဟု၊ မြင်း၌ဆွဲသော ဆည်းလည်းအပေါ်မှာပင် အက္ခရာတင်ရလိမ့်မည်။ ထာဝရဘုရား၏အိမ်တော်၌ အိုးတို့သည် ယဇ်ပလ္လင်ရှေ့မှာရှိသော ဖလားကဲ့သို့ ဖြစ်ကြလိမ့်မည် (ဇာခရိ ၁၄:၂၀)။

## မာလခိ

ယခု၊ ဓမ္မဟောင်းကျမ်း၏ နောက်ဆုံးပရောဖက်မှာ မာလခိဖြစ်သည်။ ဗိမာန်တော်နှင့် လေဝိသား တို့ကိုသူ၏အာရုံစိုက်မှုအရ၊ မာလခိသည်လည်း ယေရုရှလင်မြို့အနီးတဝိုက်တွင် အမှုတော်ဆောင်ခဲ့



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

သည်မှာ ထင်ရှားသည်။ သူ၏သတင်းစကားသည် ဘီစီ ၄၅၀ နှင့် ၄၀၀ ကြား၊ နေဟမိ၏ပြုပြင်ပြောင်းလဲရေးကာလ သို့မဟုတ် နောက်ပိုင်းနှင့် အကိုက်ညီဆုံးဖြစ်သည်။ ဗိမာန်တော်ဆိုင်ရာအမှုတော်လုပ်ငန်းများ ယိုယွင်းလာပြီး၊ လူများသည် ထာဝရဘုရားထံတော်မှ ဝေးကွာသွားသောကြောင့်၊ ကြီးစွာသော တရားစီရင်ခြင်းသည် ဘုရားသခင်၏လူတို့အပေါ်သို့ ရောက်လိမ့်မည်ဟု မာလခိသည်မိန့်တော်မူခဲ့သည်။ မာလခိ ၃:၅ တွင် ကျွန်ုပ်တို့ဖတ်ရသကဲ့သို့

> သင်တို့ကိုစစ်ကြောစီရင်ခြင်းငှါ ငါ [ထာဝရဘုရား] ချဉ်းမည် (မာလခိ ၃:၅)။

သို့သော်လည်း အနာဂတ်တွင် ဘုရားသခင်၏တရားစီရင်ခြင်းသည် ဣသရေလ၏ ဖြောင့်မတ်သူများအတွက် နောက်ဆုံးပြန်လည်တည်ဆောက်ခြင်းဆီသို့ ဦးတည်သွားမည်ဖြစ်ကြောင်း မာလခိသိထားသည်။ ၄:၂ တွင်၊ မာလခိသည် နောင်တရပြီး သခင်ဘုရားအပေါ် သစ္စာရှိကြောင်း သက်သေပြသောသူတို့အတွက် မျှော်လင့်ချက်ပေးထားသည်

> ငါ၏နာမတော်ကို ကြောက်ရွံ့သောသင်တို့၌ကား၊ တရားတော်နေမင်းသည်
> အနာပျောက်စေသောအတောင်တို့နှင့် ပေါ်ထွန်းတော်မူမည်။ သင်တို့သည်
> ထွက်သွား၍တင်းကုပ်၌ နွားသငယ်ကဲ့သို့ ခုန်ကြလိမ့်မည် (မာလခိ ၄:၂)။

ဣသရေလလူမျိုးအားတရားစီရင်ပြီးနောက်၊ အယူဝါဒဖောက်ပြန်မှု၌ပင် ကြီးစွာသောကောင်းချီးမင်္ဂလာပေးမည့်အချိန်သည် ရောက်လာမည့်အကြောင်းကို မာလခိအာမခံခဲ့သည်။

ပြန်လည်တည်ဆောက်ခြင်းကာလ၏ပရောဖက်များသည် ကြီးစွာသောအခက်အခဲများကို ရင်ဆိုင်ခဲ့ရသည်။ ကျွန်ခံရာမှပြန်လာသော ဘုရားသခင်၏လူတို့သည် ဘုရားသခင်ကို ဆက်လက်ပုန်ကန်ခဲ့ကြပြီး၊ ရလဒ်အနေဖြင့် ပရောဖက်များသည် ကြီးစွာသောပြန်လည်တည်ဆောက်ခြင်းကောင်းချီးမင်္ဂလာများသည် ဝေးကွာသောအနာဂတ်တွင်သာ ရောက်လာမည်ဖြစ်ကြောင်း နောက်ဆုံးတွင် ကောက်ချက်ချခဲ့ကြသည်။ ယခုခရစ်ယာန်များအနေနှင့်၊ ကျွန်ုပ်တို့သည် ဤဝေးကွာသောအနာဂတ်သည် မည်သည့်အချိန်တွင် ရောက်ရှိလာသည်ကိုသိကြပါသည်—မြေကြီးပေါ်သို့ ယေရှုကြွလာချိန်ဖြစ်သည်။

# နိဂုံး

ဤသင်ခန်းစာတွင် ဓမ္မဟောင်းပရောဖက်များနှင့်ပတ်သက်၍ သမိုင်းဆိုင်ရာခွဲခြမ်းစိတ်ဖြာချက်ကိုကျွန်ုပ်တို့လေ့လာထားပါသည်။ သမိုင်းသည် အလွန်ရှုပ်ထွေးသော်လည်း၊ ပရောဖက်ပြုချက်ဆိုင်ရာ သမိုင်းကြောင်း၏အဖြစ်အပျက်များကို အဓိကကာလလေးခုဖြင့် အကျဉ်းချုပ်ဖော်ပြရန် အထောက်အကူဖြစ်စေသည်_ ပထမ အစောပိုင်းဘုရင်စနစ်ခေတ်၊ ဒုတိယ အာရှုရိတို့၏အုပ်စိုးခြင်း၊ တတိယ ဗာဗုလုန်တို့၏အုပ်စိုးခြင်းနှင့် စတုတ္ထ ကျွန်ခံပြီးနောက်ပိုင်းကာလ၊ ကနဦးမျှော်လင့်ချက်များကြီးမားစွာ

ရှိခဲ့သော်လည်း နောက်ဆုံးတွင်ထိုမျှော်လင့်ချက်များသည် နောက်ထပ်တရားစီရင်ခြင်းကို မျှော်လင့်မှုအဖြစ်သို့ ဦးတည်သွားကာ၊ ဘုရားသခင်ထံမှကောင်းချီးမင်္ဂလာကို ဝေးကွာစေခဲ့သည်။

ဓမ္မဟောင်းပရောဖက်ပြုချက်ကို ကျွန်ုပ်တို့ အနက်ပြန်ဆိုရန် လေ့လာရာတွင်၊ ၎င်းတို့၏နှုတ်ကပတ်တော်များသည် သူတို့၏ အခြေအနေများနှင့်ဆက်စပ်နေရန် အမြဲတမ်းမရှိမဖြစ် လိုအပ်ပါသည်။ ပရောဖက်များ၏နှုတ်ကပတ်တော်များသည် သူတို့ရင်ဆိုင်ခဲ့ရသည့် သမိုင်းဆိုင်ရာအခြေအနေများနှင့် ဆက်စပ်နေသကဲ့သို့၊ သူတို့၏နှုတ်ကပတ်တော်များသည် ထိုခေတ်ကလူများအတွက်မည်သည့်အဓိပ္ပါယ်ရှိသည်ကို ကျွန်ုပ်တို့နားလည်နိုင်မည်ဖြစ်ပြီး၊ ယနေ့ကျွန်ုပ်တို့အတွက် သူတို့၏နှုတ်ကပတ်တော်များသည် မည်သည့်အရာအားဆိုလိုသည်ကိုလည်း ကျွန်ုပ်တို့နားလည်နိုင်မည်ဖြစ်သည်။